# ကိုဗစ်-၁၉ ကာလအတွင်း
# စည်ပင်သာယာရေးရငွေများကို စီမံခန့်ခွဲခြင်း

## မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများအပေါ် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို ဆန်းစစ်သုံးသပ်ခြင်း

စက်တင်ဘာ၊ ၂၀၂၀ ခုနှစ်

**DAN JOLLANS**




RENAISSANCE INSTITUTE

The Asia Foundation

"ကိုဗစ်-၁၉ ကြောင့် လျော့နည်းသွားမယ့် အခွန်ငွေပမာဏဟာများပြားနိုင်ပြီးတော့ ကြိုတင်ခန့်မှန်းထားတဲ့ အခွန်ငွေပမာဏကို မရရှိနိုင်တဲ့အတွက် ကပ်ရောဂါနဲ့ ဆက်စပ်ပြီးဆောင်ရွက်ရမယ့် မူဝါဒဖော်ဆောင်ရေးနဲ့ ငွေကြေးသုံးစွဲရေးတို့မှာ နိုင်ငံတော်ဘဏ္ဍာငွေ ပြန်လည်ခွဲဝေသုံးစွဲခြင်းကို ကျွန်မတို့အနေနဲ့ မလွဲမသွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။"
ဒေါ်အောင်ဆန်းစုကြည်၊ COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက်မှ။

"ဟာရီကိန်းမုန်တိုင်းကြီးတစ်ခုက ကျွန်တော်တို့အားလုံးဆီကို ဦးတည်လာနေပြီဆိုတာ သိထားတယ်ဆိုပါစို့။ ဒါပေမယ့် အဲဒီဟာရီကိန်းက ကုန်းတွင်းပိုင်းကို ဝင်ရောက်လာတဲ့အခါမှာ အဆင့် ၂ ရှိတဲ့ မုန်တိုင်းလား၊ အဆင့် ၅ ရှိတဲ့ မုန်တိုင်းလားဆိုတာကို မိုးလေဝသပညာရှင်တွေက သေချာမသိဘူး။ အဲဒီအခါမှာ သင့်အနေနဲ့ ဘယ်အဆင့်အတွက် ပြင်ဆင်မှုတွေ လုပ်ထားသင့်လဲ"
Ricardo Hausmann၊ "ငါတို့ဘာအတွက် ပြင်ဆင်ထားသင့်တာလဲ" မေ၊ ၂၀၂၀ မှ။

**စကားလုံးအတိုကောက်များ**

| | |
|---|---|
| CDC | မြို့တော်စည်ပင်သာယာရေးကော်မတီ |
| CERP | COVID-19 စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် |
| DAO | စည်ပင်သာယာရေးအဖွဲ့ |
| IRD | ပြည်တွင်းအခွန်များ ဦးစီးဌာန |
| PPE | ရောဂါကာကွယ်ရေးဝတ်စုံ |
| TAF | အာရှဖောင်ဒေးရှင်း |
| RI | Renaissance Institute |
| FY | ဘဏ္ဍာရေးနှစ် |
| YCDC | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| MCDC | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| MOHT | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| RTDA | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန |

**ခက်ဆစ်**

**တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း** – မိမိအိမ်ပြင်ပတွင် မိမိနှင့်အခြားသူများအကြား ခပ်ခွာခွာနေထိုင်ခြင်းကို ဆိုလိုပါသည်။ မြန်မာနိုင်ငံအပါအဝင်အစိုးရအများအပြားသည် ကိုဗစ်-၁၉ကူးစက်ရောဂါပျံ့နှံ့မှုကို ရပ်တန့်နိုင်ရန်အတွက် တစ်ဦးချင်းကြား ခပ်ခွာခွာနေထိုင်မှုကို အားပေးသည့်မူဝါဒများကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။

**မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များ** – မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံရှိ မြို့တော်များ/ မြို့များကို စီမံခန့်ခွဲရန် တာဝန်ရှိသည့် မြူနီစီပယ်အဆင့် အာဏာပိုင်များ ဖြစ်ကြသည်။

## ကျေးဇူးတင်လွှာ

ယခုသုတေသနစာတမ်းကို Renaissance Institute၊ မြူနီစီပယ်သုတေသနအဖွဲ့မှ Dan Jollans၊ ရဲခေါင်ဦး၊ သူရိန်လွင်နှင့် တင်နှင်းဝင့်ရည်တို့မှ ရေးသားပြုစုပါသည်။ ယခုစာတမ်းအတွက် ဆန်းစစ်လေ့လာမှုအထောက်အကူများပေးအပ်သည့် အာရှဖောင်ဒေးရှင်းမှ James Owen၊ Edie Wilsonနှင့် အိအိသွယ်တို့အား ကျေးဇူးအထူးတင်ရှိပါသည်။

ယခုသုတေသနစာတမ်းသည် ဗြိတိန်အစိုးရမှ ရန်ပုံငွေထောက်ပံ့မှုဖြင့် ဆောင်ရွက်သည့် အာရှဖောင်ဒေးရှင်း၏ လုပ်ငန်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသဖြစ်ပါသည်။ စာတမ်းပါထင်မြင်ယူဆချက်များမှာ သုတေသနအဖွဲ့၏ အာဘော်သာဖြစ်ပြီး ဗြိတိန်အစိုးရ၏ သဘောထားအမြင်များကို ထင်ဟပ်ခြင်းမဟုတ်ကြောင်း သိစေအပ်ပါသည်။

## ၁။ မိတ်ဆက်

ကိုဗစ်-၁၉ကူးစက်ရောဂါသည် ကမ္ဘာတစ်ဝှမ်းရှိ မြို့ကြီးများကို အသွင်ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိမြို့ကြီးများသည် ကိုဗစ်-၁၉ပျံ့နှံ့ဖြစ်ပွားရာ ဗဟိုချက်နေရာများဖြစ်လာနေပါသည်။ တစ်ချိန်တည်းမှာပင် အဆိုပါမြို့ကြီးများသည် ကိုဗစ်-၁၉ကပ်ရောဂါနှင့် ၎င်းကပ်ရောဂါကြောင့်ဖြစ်ပွားသော ဆုံးရှုံးနစ်နာရမှုများမှ နိုင်ငံသူနိုင်ငံသားများကို အကာအကွယ်ပေးရန်အတွက် ဆန်းသစ်သောနည်းလမ်းများကိုအသုံးပြု၍ အခြေအနေကိုကြည့်ကာ မီးစင်ကြည့်ကနေကြရသည့် ရှေ့တန်းနေရာများလည်း ဖြစ်ပါသည်။

လက်ရှိအချိန်အထိ မြန်မာနိုင်ငံတစ်ဝှမ်းမှမြို့များသည် ကိုဗစ်-၁၉ကူးစက်ရောဂါအား ရေတိုကာလတုန့်ပြန်ဆောင်ရွက်ရာ၌ မှန်ကန်စွာ စီမံခန့်ခွဲနိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ကိုဗစ်-၁၉ကူးစက်ရောဂါထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကို အကောင်အထည်ဖော်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးခြင်းနှင့် မြို့နေလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းစသည်တို့ကို ဆောင်ရွက်ရန်အတွက် ၎င်းတို့ထံတွင်ရှိသည့် ရင်းမြစ်များကို အင်တိုက်အားတိုက် အသုံးပြုလျက်ရှိပါသည်။ သို့သော် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုများသည် လျင်လျင်မြန်မြန်ဖြင့် ပျောက်ကွယ်သွားလိမ့်ဦးမည်မဟုတ်ကြောင်း ထင်ရှားလာနေသည့်အတွက်လည်း မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကာလရှည်တွင် ၎င်းတို့၏ ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်စေရေး မည်သို့လည်းပတ်လုပ်ဆောင်မည်ကို စဉ်းစားထားကြရန်မှာလည်း အရေးကြီးပါသည်။ ဤအစီရင်ခံစာသည် မြို့များ ဆက်လက်လည်ပတ် ဆောင်ရွက်နေရန် လိုအပ်သော စည်ပင်သာယာရေးဝင်ငွေရင်းမြစ်များကို သီးသန့်ခွဲထုတ်လေ့လာသည့် အစီရင်ခံစာပင်ဖြစ်ပါသည်။ ကိုဗစ်-၁၉ကူးစက်ရောဂါကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာငွေရရှိမှု အပေါ်တွင် မည်သို့ သက်ရောက်နိုင်သည်၊ အဆိုပါ သက်ရောက်မှုများကို မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မည်သို့တုန့်ပြန်ဆောင်ရွက်နိုင်သည်များနှင့်စပ်လျဉ်းသည့် ဆန်းစစ်လေ့လာမှုများကို ယခုအစီရင်ခံစာတွင် တင်ပြထားပါသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများထံမှ ဘဏ္ဍာငွေခွဲဝေထောက်ပံ့မှုကို အနည်းငယ်မျှသာရရှိကြပါသည်။ ထို့ကြောင့် ၎င်းတို့၏ စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ငွေကြေးသုံးစွဲနိုင်ရန်အတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို အခွန်အခများ ကောက်ခံခြင်းဖြင့် ပေါင်းစပ်စည်းကြပ်ရပါသည်။ ကိုဗစ်-၁၉ကပ်ရောဂါ ဖြစ်ပွားလာသည့်အတွက် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုများသည် နှေးကွေးသွားသည့်နည်းတူ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များမှ ဝန်ထမ်းများအနေဖြင့်လည်း အခွန်၊ အခများ ကောက်ခံရာတွင် ဘေးကင်းလုံခြုံမှုရှိစွာ ကောက်ခံနိုင်ရေး စိန်ခေါ်မှုများကို ကြုံတွေ့လာကြရပါသည်။ ရလဒ်အနေဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် ကိုဗစ်-၁၉ကပ်ရောဂါအား ထိရောက်စွာ တုန့်ပြန်ဆောင်ရွက်ရန်နှင့် မြို့ပြဝန်ဆောင်မှုများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဘဏ္ဍာငွေများ အရေးပေါ်လိုအပ်နေသကဲ့သို့၊ ဘဏ္ဍာငွေရရှိမှုများ သိသိသာသာကျဆင်းသွားနိုင်သည့်အလားအလာကိုလည်း ရင်ဆိုင်နေရပါသည်။ အဆိုပါစိန်ခေါ်မှုအသစ်ကို မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ရေရှည်တွင် မည်သို့တုန့်ပြန်ဆောင်ရွက်သွားနိုင်မည်ကို ယခုအစီရင်ခံစာတွင် တင်ပြထားပါသည်။

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ကပ်ရောဂါ ပျံ့နှံ့မှုကို ကောင်းမွန်စွာ ထိန်းချုပ်ထားနိုင်ပြီး ကျန်းမာရေးကဏ္ဍတွင် သက်ရောက်မှုများမှာလည်း နည်းပါးနေသေးသော်လည်း သိပ္ပံပညာရှုထောင့်မှဖြစ်စေ၊ စီးပွားရေးနှင့် နိုင်ငံရေးရှုထောင့်များမှဖြစ်စေ သုံးသပ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ မြို့များတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် မရေရာမှုများမှာလည်း ကြီးကြီးမားမားရှိနေဆဲဖြစ်ပါသည်။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်သော စီးပွားရေးအရ ရိုက်ခတ်မှုများကို ကမ္ဘာတစ်ဝှမ်း

လုံး ခံစားရလျက်ရှိပြီး၊ ကိုဗစ်-၁၉ကူးစက်ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုသည်လည်း လက်တွေ့ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်ရှိနေပါသည်။[၁] ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုကို ထိန်းချုပ်နိုင်သည့် အကောင်းဆုံးအခြေအနေတစ်ရပ်တွင် စည်ပင်သာယာရေးကဏ္ဍရှိ ဘဏ္ဍာငွေများနှင့် စပ်လျဉ်းသည့် အသုံးဝင်သော ခြုံငုံသုံးသပ်မှုများကို ယခုအစီရင်ခံစာက မီးမောင်းထိုးပြပေးနိုင်မည်ဟု မျှော်လင့်ပါသည်။ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့အသီးသီးတို့တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် စီးပွားရေးကဏ္ဍများ ဆိုးရွားစွာ ထိခိုက်ခံရသည့် အဆိုးဆုံးအခြေအနေတစ်ရပ်တွင်မူ ဒေသန္တရအဆင့်ရှိ ဝင်ငွေဆိုင်ရာမူဝါဒများကို မြန်ဆန်စွာ ညှိနှိုင်းပြင်ဆင်နိုင်စေမည့် အသုံးဝင်သော နည်းလမ်းများကိုလည်း ယခုအစီရင်ခံစာတွင် တင်ပြထားပါသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအတွက် အရေးကြီးဆုံးသော ဝင်ငွေရင်းမြစ်များကို ဖော်ထုတ်ရန်အတွက် တောင်ကြီး၊ ပုသိမ်နှင့် မန္တလေးမြို့တို့ရှိ စည်ပင်သာယာရေးကဏ္ဍမှ လက်ရှိဝင်ငွေရင်းမြစ်များကို မူဝါဒစာတမ်း၏ အခန်း( ၂ )တွင် ဆွေးနွေးထားပါသည်။ ဝင်ငွေရင်းမြစ်တစ်ခုစီ၏ အသေးစိတ်သွင်ပြင်လက္ခဏာများနှင့် ကိုဗစ်-၁၉ ကြောင့် အဆိုပါ ဝင်ငွေရင်းမြစ်များ မည်သို့ထိခိုက်နိုင်ခြေရှိသည်ကို ယခုမူဝါဒစာတမ်း၏ အခန်း(၃)တွင် ဆွေးနွေးထားပါသည်။ အခန်း(၄)တွင် မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များမှ ရွေးချယ်အသုံးပြုနိုင်မည့် မူဝါဒများကို တင်ပြထားပါသည်။ အခန်း(၅)တွင် မူဝါဒအမျိုးမျိုးတို့၏ ဖြစ်နိုင်ခြေရှိသော သက်ရောက်မှုများအား ဖြစ်ရပ်အခြေပြုဆန်းစစ်သုံးသပ်ချက်များနှင့်တကွ တင်ပြထားပါသည်။ အခန်း(၆)တွင် နိဂုံးချုပ်ဆွေးနွေးချက်များကို တင်ပြထားပါသည်။

## ၂။ စည်ပင်သာယာရေးကဏ္ဍ၏ အဓိကဝင်ငွေရင်းမြစ်များ

ယခုအခန်းတွင် တောင်ကြီး၊ ပုသိမ်နှင့်မန္တလေးမြို့တို့ရှိ စည်ပင်သာယာရေးကဏ္ဍမှ ရငွေရင်းမြစ်များကို မကြာသေးမီက ရရှိထားသော အချက်အလက်များ(ဘောင်ကွက် ၁ တွင် ကြည့်ပါ။) အပေါ်တွင် အခြေခံ၍ ဆန်းစစ်သုံးသပ်ထားပါသည်။ မြို့များ၏ စည်ပင်သာယာရေးကဏ္ဍရငွေများမှာ ဒေသအခြေအနေအရ ကွဲပြားမှု ရှိသော်လည်း ကိုဗစ်-၁၉၏ ရိုက်ခတ်မှုများမှ မလွတ်ကင်းနိုင်ပါ။ ယခုအခန်း၏ ရည်ရွယ်ချက်မှာ စည်ပင်သာယာရေးကဏ္ဍ၏ အဓိကရငွေရင်းမြစ်များကို ဖော်ထုတ်လေ့လာရန်ဖြစ်ပါသည်။ အဆိုပါ ရငွေရင်းမြစ်များအပေါ်တွင် ကိုဗစ်-၁၉က မည်သို့သက်ရောက်သည်ကို အခန်း (၃)၊ (၄)၊ (၅) တို့တွင် ဆွေးနွေးသွားမည်ဖြစ်ပါသည်။

### ဘောင်ကွက် ၁:


**အကောင်းဆုံးမှန်းဆခြင်း**

ယခုစာတမ်းတွင်ဖော်ပြထားသည့် ဆန်းစစ်လေ့လာချက်တွင် အသုံးပြုထားသော ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များသည် အပြည့်စုံဆုံးဖြစ်သည်ဟု မဆိုနိုင်ပါ။ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များကို မကြာခဏ ပြန်လည်ပြင်ဆင်ကြသည့်အတွက် ရသုံးမှန်းခြေငွေစာရင်းနှင့်မသက်ဆိုင်သော/ရသုံးမှန်းခြေငွေစာရင်းတွင်မပါဝင်သော လုပ်ငန်းများမှာမူ ယခုစာတမ်းတွင် ကျန်ခဲ့နိုင်ပါသည်။ စာတမ်းတွင် အသုံးပြုထားသည့် အချက်အလက်အချို့မှာလည်း နှစ်အတန်ကြာက အချက်အလက်များဖြစ်ပါသည်။ မည်သို့ဆိုစေကာမူ အသုံးပြုထားသော အချက်အလက်များသည် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေရင်းမြစ်များ စုဖွဲ့ထားမှုကို ခြုံငုံဖော်ပြရာတွင် အသုံးဝင်ပါသည်။

ယခုစာတမ်း၏ ရည်ရွယ်ချက်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို ပြီးပြည့်စုံစွာ ခန့်မှန်းတင်ပြရန်မဟုတ်ဘဲ ကိုဗစ်-၁၉၏ သက်ရောက်မှုများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များမှ ဆောင်ရွက်လာနိုင်သည့် မူဝါဒပိုင်းဆိုင်ရာ ရွေးချယ်မှုများနှင့်စပ်လျဉ်းပြီး အကောင်းဆုံးမှန်းဆချက်များကို ပြုလုပ်နိုင်ရန်သာ တင်ပြထားခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ မသေချာ၊ မရေရာမှုများ ဖြစ်ပေါ်နေသည့် အချိန်ကာလတွင် မိမိတို့အနေဖြင့် အကောင်းမွန်ဆုံး တင်ပြနိုင်သည့်အရာမှာ အကောင်းဆုံးမှန်းဆချက်များသာ ဖြစ်ပါသည်။

## တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရငွေမှတ်တမ်း


( ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာငွေလျာထားချက်ပေါ်တွင် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။ )




## ဘောင်ကွက် ၂း ကိုဗစ်-၁၉ကူးစက်ရောဂါနှင့် တောင်ကြီးမြို့


ယခုစာတမ်းရေးနေသည့်အချိန်တွင် ရှမ်းပြည်နယ်၌ ကိုဗစ်-၁၉ အတည်ပြုလူနာအနည်းငယ်ကိုသာ တွေ့ရှိရပါသည်။ (ရှမ်းပြည်နယ်တစ်ခုလုံးတွင် အတည်ပြုလူနာ ၇ ဦး၊ တောင်ကြီးတွင် ၂ ဦး)။ တောင်ကြီးတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအစီအမံများကို မြန်မြန်ဆန်ဆန်ပင် ချမှတ်ခဲ့ပါသည်။ လမ်းမများတွင် လူသူကင်းမဲ့သွားပြီး၊ လူစုလူဝေးများဖြစ်ပေါ်မှုကိုရှောင်ရှားနိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များသည် ရွှေ့လျားဈေးများကိုစီစဉ်ပေးထားပါသည်။

ပုံ(၁)- ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများမှ ရရှိငွေ၊ ကျပ်၊ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်




decile = ဆယ်စိတ်ကိန်း

ပုံ(၂)- စီးပွားရေးလုပ်ငန်းလိုင်စင်များမှ ရရှိငွေ၊ ကျပ်၊ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်



**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၎င်း၏ ရငွေအများစုကို အရွယ်အစားသေးငယ်သော မြို့ပြဝန်ဆောင်မှုအခများမှ ရရှိသည်။** စီးပွားရေးလုပ်ငန်းလိုင်စင်များ၊ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများ၊ အဆောက်အအုံစစ်ဆေးမှုမှရရှိသော အခများနှင့် သားသတ်ရုံလိုင်စင်များအပေါ်မှ ရရှိသောအခများသည် စည်ပင်သာယာရေးအဖွဲ့ ရငွေစုစုပေါင်း၏ ( ၈၀ ) ရာခိုင်နှုန်းနီးပါးရှိသည်။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မျှော်မှန်းရငွေစုစုပေါင်းမှာ ကျပ်ငွေ( ၂.၆၂၅ ) ဘီလျံ ရှိပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ရငွေ၏( ၃ )ရာခိုင်နှုန်းကိုသာ အခွန်များမှရရှိသည်။** အခွန်ရငွေ၏ အဓိကရင်းမြစ်များမှာ မြို့တော်၏ပစ္စည်းခွန်နှင့်ဘီးခွန်တို့ဖြစ်ကြသည်။ အဆိုပါဝင်ငွေရင်းမြစ်များမှာ ရေရှည်တွင်အသုံးပြုနိုင်ပြီး၊ စီးပွားရေးအရတွက်ခြေကိုက်သော ဝင်ငွေရင်းမြစ်များဖြစ်သော်လည်း လက်ရှိတွင် တောင်ကြီးမြို့အတွက် အရွယ်အစားပမာဏအလွန်သေးငယ်နေသည်။


**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၎င်း၏ဘဏ္ဍာငွေအတွက် ဒေသန္တရအဆင့်စီးပွားရေးလုပ်ငန်းများအပေါ်တွင် များစွာမှီခိုနေရပါသည်။** တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ၏အိမ်ထောင်စုများမှ ဝင်ငွေပမာဏများပြားစွာရရှိသော အခြားစည်ပင်သာယာရေးအဖွဲ့များ (မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင်ကြည့်ပါ။) ကဲ့သို့မဟုတ်ဘဲ ၎င်းတို့၏ဝင်ငွေအတွက် ဝန်ဆောင်ခများ၊ ဒေသန္တရအဆင့်ရှိစီးပွားရေးလုပ်ငန်းများအပေါ်ကောက်ခံသော လိုင်စင်ကြေးများအပေါ်တွင် ကြီးမားစွာမှီခိုနေရပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခအများစုမှာ စီးပွားရေးလုပ်ငန်းအနည်းငယ်မှ ရရှိသော်လည်း၊ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများသည် စည်ပင်သာယာရေးအဖွဲ့အတွက် ကြီးမားသော ဝင်ငွေရင်းမြစ်ဖြစ်ပါသည်။** ညာဖက်တွင်ဖော်ပြထားသော ဇယားကွက်အရ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းမှုမှရသော ဝင်ငွေအများစု( ၆၇ % )သည် တန်ဖိုးမြင့်ကြော်ငြာအရေအတွက်အနည်းငယ်မှ ရရှိသည်ကို တွေ့နိုင်ပါသည်။

**စားသောက်ဆိုင်များသည် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရရှိသော စီးပွားရေးလိုင်စင်များမှ ရငွေ၏ အကြီးမားဆုံးသော ဝင်ငွေရင်းမြစ်ဖြစ်ပါသည်။** ၎င်းနောက် ရရှိသော ဝင်ငွေရင်းမြစ်မှာ ဈေးဆိုင်များဖြစ်ပါသည်။[၂] အဆိုပါဈေးဆိုင်များအနက် အများစုမှာ တစ်ဦးချင်းပိုင်ဆိုင်သော အရွယ်အစားသေးငယ်သည့် ဈေးဆိုင်များဖြစ်ပြီး မြို့လယ်ခေါင်နှင့်အနီးတဝိုက်တွင် တည်ရှိကြပါသည်။

# ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရငွေမှတ်တမ်း


( ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေလျာထားချက်ပေါ်တွင် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။ )





## ဘောင်ကွက် ၃း ကိုဗစ်–၁၉ကူးစက်ရောဂါနှင့် ပုသိမ်မြို့

ယခုစာတမ်းရေးသားနေသည့် အချိန်တွင် ဧရာဝတီတိုင်းဒေသကြီး၌ ကိုဗစ်–၁၉ အတည်ပြုလူနာ မတွေ့ရှိသေးပါ။ သို့သော်လည်း အခြားသောမြို့များမှာကဲ့သို့ပင် ရောဂါထိန်းချုပ်ရေးအစီအမံများကို တင်းကြပ်စွာ ဆောင်ရွက်ထားပါသည်။ စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့်လည်း ရောဂါပိုးပျံ့နှံ့မှုကို ရပ်တန့်ရန်အတွက် ဈေးများကို ပိတ်ထားခဲ့ပြီး၊ အများပြည်သူဆိုင်ရာနေရာများတွင် ပိုးသတ်ဆေးဖြန်းခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးကဏ္ဍခက်ခဲမှုများ၏ ကနဦးလက္ခဏာတစ်ရပ်ဖြစ်သော ဝယ်လိုအား ကျဆင်းသွားခြင်းတို့ကြောင့် ငါးလုပ်ငန်းရာသီကို တစ်လစော၍ ပိတ်သိမ်းစေခဲ့ပါသည်။

ပုံ(၃)– လေလံမှုရငွေများ၊ ကျပ်၊ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်




ပုံ(၄)– ငှားရမ်းခများ၊ ကျပ်၊ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်



**ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၎င်း၏ ဘဏ္ဍာငွေရှာဖွေရာတွင် စီးပွားရေးလုပ်ငန်းလိုင်စင်ကြေးများနှင့် လိုင်စင်လေလံပစ်ခြင်းတို့အပေါ်တွင် များစွာမှီခိုနေရပါသည်။** တောင်ကြီးမြို့နယ်မှာကဲ့သို့ပင် သားသတ်ရုံများသည်လည်း ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် အရေးပါသော ရငွေရင်းမြစ်များဖြစ်ပါသည်။ ရငွေများအနက် အခွန်မှရငွေသည် အနည်းငယ်မျှသာ ရှိပါသည်။ ၂၀၁၅–၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မျှော်မှန်းဘဏ္ဍာရန်ပုံငွေမှာ စုစုပေါင်း ကျပ်( ၁.၂၇၃ )ဘီလျံ ဖြစ်ပါသည်။


**အခွန်ရငွေများကဲ့သို့မဟုတ်ဘဲ ဝန်ဆောင်ခများမှ ရငွေများကို အချို့သောစည်ပင်သာယာရေးလုပ်ငန်းဆောင်တာများအတွက် သီးခြားသတ်မှတ်လျာထားပါသည်။** ဥပမာအားဖြင့် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများသည် ကြော်ငြာဆိုင်းဘုတ်များစိုက်ထူခြင်းအတွက် ပြန်လည်အသုံးပြုရပြီး၊ စီးပွားရေးလုပ်ငန်းများကို စစ်ဆေးခြင်းမှရရှိသော စစ်ဆေးခများကို စည်ပင်သာယာရေးအဖွဲ့အင်ဂျင်နီယာများ၏ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်အသုံးပြုရသည်။ ကိုဗစ်–၁၉ကပ်ရောဂါကာလတွင် စီးပွားရေးလုပ်ငန်းများသည် ပုံမှန်အတိုင်း လည်ပတ်ခြင်းမပြုနိုင်သည့်အတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ပုံမှန်ရရှိသောဝန်ဆောင်ခများ မရနိုင်သည့်အခြေအနေမျိုး ကြုံတွေ့ရနိုင်ပြီး၊ အဓိကကျသော ဝန်ဆောင်မှုများကိုလည်း ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။

**ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် လိုင်စင်လေလံကြေးများသည် စည်ပင်သာယာရေးရငွေ၏ အဓိကရင်းမြစ်ဖြစ်ပါသည်။** တန်ဖိုးအမြင့်ဆုံးလိုင်စင်လေလံတစ်ခုမှာ သားသတ်ရုံလိုင်စင်ဖြစ်ပါသည်။ အခြားသော တန်ဖိုးမြင့်လိုင်စင်လေလံများတွင် ပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဒေသတွင်းဈေးကောက်များပါဝင်သည်။ အဆိုပါလိုင်စင်လေလံများမှ ရရှိသောဘဏ္ဍာငွေသည် ပစ္စည်းခွန်မှရသော ဘဏ္ဍာငွေထက် ပိုမိုများပြားပါသည်။ အခြားနိုင်ငံများတွင်မူ ပစ္စည်းခွန်သည် မြူနီစီပယ်ရငွေအတွက် သိသာထင်ရှားသော ဝင်ငွေရင်းမြစ်တစ်ခုဖြစ်ပါသည်။

**ဈေးဆိုင်ခန်းငှားရမ်းခရငွေများမှာ ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဓိကရငွေရင်းမြစ်ဖြစ်သည်။** ကိုဗစ်–၁၉ကပ်ရောဂါဖြစ်ပွားသည့်အချိန်တွင် တုန့်ပြန်ဆောင်ရွက်သော ထိန်းချုပ်ရေးအစီအမံများကြောင့် ဈေးဆိုင်အများအပြား ဆိုးရွားစွာထိခိုက်ခဲ့ကြပါသည်။ ထိုသို့ထိခိုက်ခဲ့သည့်အတွက် အဆိုပါဈေးဆိုင်များမှ ရရှိသော ဈေးဆိုင်ခန်းငှားရမ်းခရငွေများကိုလည်း များစွာ ရိုက်ခတ်မှုရှိပါသည်။

# မန္တလေးမြို့တော်
# စည်ပင်သာယာရေးကော်မတီ၏ ရငွေမှတ်တမ်း


( ၂၀၁၇–၂၀၁၈ခု ဘဏ္ဍာရေးနှစ် အမှန်ရငွေလျာထားချက်ပေါ်တွင် အချက်အလက်များကို အခြေခံထားခြင်းဖြစ်သည်။ )





## ဘောင်ကွက် ၄း
## ကိုဗစ်–၁၉ကူးစက်ရောဂါနှင့် မန္တလေးမြို့

မြန်မာနိုင်ငံသို့ ကိုဗစ်–၁၉ကူးစက်ရောဂါ ရောက်ရှိသည့် အချိန်တွင် အခြားမြို့ကြီးများကဲ့သို့ပင် မန္တလေးမြို့သည်လည်း ကိုဗစ်–၁၉ကပ်ရောဂါထိန်းချုပ်မှုရေးအစီအမံများချမှတ်ခြင်း၊ နိုင်ငံတကာမှဆိုက်ရောက်လေယာဉ်များကို ပိတ်ထားခြင်း စသည့် ကူးစက်ရောဂါပျံ့နှံ့မှုထိန်းချုပ်ရေးအစီအမံများကို ဆောင်ရွက်ခဲ့ပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မိုဘိုင်းလ်ဖြင့်ငွေပေးချေခြင်းစနစ်နှင့် ဒီဂျစ်တယ်ဆက်သွယ်ရေးစနစ်များကြောင့် ယခုကဲ့သို့ အကြပ်အတည်းရင်ဆိုင်နေရသည့်ကာလတွင် စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပုံ(၅)– အထွေထွေရငွေများ၊ ကျပ်၊ ၂၀၁၈–၂၀၁၉




ပုံ(၆)– ဘီးခွန်မှရငွေ၊ ကျပ်၊ ၂၀၁၈–၂၀၁၉



**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် တောင်ကြီးနှင့် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့နှင့် နှိုင်းစာလျှင် အမျိုးအစားစုံလင်သော ရငွေရင်းမြစ်အခြေခံများ ရှိပါသည်။** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ဘဏ္ဍာငွေ ရှာဖွေရာတွင် ငှားရမ်းခများ၊ စီးပွားရေးလုပ်ငန်းလိုင်စင်များနှင့် လေလံကြေးများအပေါ်တွင် ကြီးမားစွာမှီခိုနေရခြင်းမရှိပါ။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ၎င်း၏ဘဏ္ဍာငွေများကို အခွန်များနှင့် ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှုများ ထံမှ ရရှိပါသည်။ အဆိုပါရငွေရင်းမြစ်များသည် ဘဏ္ဍာငွေရှာဖွေရာတွင် ပိုမိုပြုလွယ်ပြင်လွယ်ရှိသော ဘဏ္ဍာရင်းမြစ်များဖြစ် ပါသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရရှိသော ခန့်မှန်းရငွေစုစုပေါင်း မှာ ငွေကျပ်( ၇၈ )ဘီလျံဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် အမျိုးအစားစုံလင်သော အထွေထွေရငွေရင်းမြစ်များမှ ဘဏ္ဍာရန်ပုံငွေများ ရှာဖွေပါသည်။** မန္တလေးမြို့၏ အရွယ်အစားကြီးမားခြင်း၊ (အခြားစည်ပင်သာယာရေးအဖွဲ့များနှင့် နှိုင်းစာလျှင်) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အခွင့်အာဏာများသည် ကျယ်ပြန့်စွာ သက်ရောက်မှုရှိနေခြင်းတို့ကြောင့် မန္တလေးမြို့တော် သတင်းစာ၊ ဘဏ်အပ်နှံငွေများမှအတိုးများ၊ ပြည်ထောင်စုအစိုးရနှင့် ဝေမျှရရှိသော တံဆိပ်ခေါင်းခွန်များကဲ့သို့သော အမျိုး အစား စုံလင်သော ရငွေရင်းမြစ်များမှ ဘဏ္ဍာငွေများ ရှာဖွေနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် အခြားသောစည်ပင်သာယာရေးအဖွဲ့များထက်ပိုမို၍ ဘီးခွန်များကို ကောက်ခံ ရရှိပါသည်။** ဘီးခွန်မှရငွေများသည် ယာဉ်ဖြတ်သန်းခကောက်ခံသည့်ဂိတ်(တိုးဂိတ်)များမှ အများစုကောက်ခံရရှိသည်။ ဘီးခွန် ရငွေ၏ ခန့်မှန်းခြေ( ၉၈% )အား မြို့ဝင်မြို့ထွက်ယာဉ်ဖြတ်သန်းခကောက်ခံသည့်ဂိတ်(တိုးဂိတ်)များမှ ရရှိသည်။ (၂၀၁၇–၂၀၁၈ ဇယားကွက်တွင် ရှု၊) ကိုဗစ်–၁၉၏ ရိုက်ခတ်မှုတစ်ခုအနေဖြင့် လမ်းမများပေါ်တွင် ယာဉ်အသုံးပြုမှုများ သိသိသာသာ လျော့နည်း သွားသည့်အတွက် အဆိုပါဘီးခွန်မှ ကောက်ခံရရှိငွေမှာလည်း ထိခိုက်ခံစားရနိုင်ဖွယ်ရှိပါသည်။

## ၃။ စည်ပင်သာယာရေး ရငွေရင်းမြစ်အသီးသီးတို့သည် ကိုဗစ်–၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို မည်သို့ ခံကြရပါသနည်း။

ကိုဗစ်–၁၉ကပ်ရောဂါသည် စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးရငွေရင်းမြစ်အသီးသီးတို့အပေါ်တွင် များစွာ သက်ရောက်ဖွယ်ရှိနေပါသည်။ ထိုသို့ သက်ရောက်မှုအတိုင်းအတာသည် အောက်ပါအချက်များအပေါ်တွင် မူတည်နေပါသည် –

- ကိုဗစ်–၁၉ကပ်ရောဂါ၏ အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများအပေါ်တွင် သက်ရောက်မှု၊
- အခွန်ရငွေများကို စုစည်းကောက်ခံရာတွင် လုံခြုံစိတ်ချမှုရှိစွာ ကောက်ခံနိုင်ခြင်း ရှိ၊ မရှိ၊
- အခွန်ငွေများ ကောက်ခံရမည့် နောက်ဆုံးသတ်မှတ်ချိန်၊
- မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် ရင်းမြစ်အမျိုးမျိုးတို့မှရရှိသော ရငွေများကို မည်သို့ခွဲဝေကြမည်၊
- မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် အများပြည်သူနှင့် ထိရောက်စွာဆက်သွယ်ပြောဆိုဆောင်ရွက်နိုင်မှု (ဘောင်ကွက် ၅ တွင်ရှု)။

## ဘောင်ကွက် ၅:
## မြို့နေပြည်သူများနှင့်ဆက်သွယ်ပြောဆိုခြင်း

ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေသည့်ကာလတွင် အများပြည်သူနှင့် ဆက်သွယ်ပြောဆိုခြင်းမှာ ယခင်အချိန်များထက်ပို၍ အရေးကြီးလာပါသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့နေပြည်သူများနှင့် အပြန်အလှန်ဆက်သွယ်ပြောဆိုကာ အခွန်/အခများ ပြောင်းလဲသွားခြင်းကို ရှင်းပြနိုင်မည်ဖြစ်ပြီး၊ အများပြည်သူတို့၏ သဘောထားဆန္ဒများကိုလည်း တီးမိခေါက်မိနိုင်မည်ဖြစ်သည်။ ရငွေဆိုင်ရာမူဝါဒများ ပြောင်းလဲခြင်းသည် ကပ်ရောဂါကာလအတွင်း ရုန်းကန်နေရသည့် အိမ်ထောင်စုများအပေါ် စာနာစိတ်ကင်းသော ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်သော်လည်းကောင်း သို့မဟုတ် ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အသုံးစရိတ်များရှာဖွေရာ၌ မြို့နေပြည်သူတို့နှင့် ဆက်သွယ်ပြောဆိုရာတွင် ထိရောက်မှုအတိုင်းအတာပေါ်မူတည်၍ အထောက်အကူတစ်ရပ်အဖြစ်သော်လည်းကောင်း ပြည်သူများမှ ခွဲခြားရှုမြင်ကြမည်သာဖြစ်ပါသည်။

စည်ပင်သာယာရေးကဏ္ဍအတွက် အဓိကကျသော ဘဏ္ဍာငွေရင်းမြစ်တစ်ခုချင်းစီအပေါ်တွင် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုခံရနိုင်ခြေများကို ဤအခန်းတွင် ဆွေးနွေးထားပါသည်။

## ၃.၁။ စီးပွားရေးလုပ်ငန်းလိုင်စင်ကြေး

စီးပွားရေးလုပ်ငန်းလိုင်စင်များသည် စည်ပင်သာယာရေးရငွေ၏ အရေးပါသော ရင်းမြစ်တစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းလိုင်စင်များမှ ရရှိသော ရငွေများသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ၏ အားကောင်းခိုင်မာသော ဝန်းကျင်အပေါ်တွင် မူတည်နေသည့်အတွက် အဆိုပါရငွေအမျိုးအစားသည် ကိုဗစ်-၁၉ကပ်ရောဂါကျရောက်ချိန်တွင် ဆိုးရွားစွာသက်ရောက်မှုခံရနိုင်ပါသည်။ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာအဆင့်ကုန်ကြမ်းပစ္စည်းကွင်းဆက်များအပေါ်တွင် မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းအချို့တို့သည် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံစားခဲ့ကြရပြီဖြစ်သည်။ မကြာမီက ထုတ်ပြန်ခဲ့သော အာရှဖောင်ဒေးရှင်း၏ စစ်တမ်းတစ်ရပ်အရ ထိုစီးပွားရေးလုပ်ငန်းများအနက် (၂၄) ရာခိုင်နှုန်းသည်သာလျှင် မေလအတွင်း ပုံမှန်လည်ပတ်လျက်ရှိသည်ကို တွေ့ရသည်။[၃]

ကိုဗစ်-၁၉ကပ်ရောဂါသည် စီးပွားရေးလုပ်ငန်းအများအပြားကို ဆိုးရွားစွာ သက်ရောက်နိုင်ခြေရှိပါသည်။ မကြာသေးမီက အာရှဖောင်ဒေးရှင်းမှ ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်အရ စီးပွားရေးလုပ်ငန်းများအနက် ထက်ဝက်ခန့်က ကိုဗစ်-၁၉၏ ရိုက်ခတ်မှုကြောင့် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့မည်ကို စိုးရိမ်လျက်ရှိကြကြောင်း တွေ့ရှိရပါသည်။[၄] နေအိမ်များတွင်သာနေထိုင်ရေး ညွှန်ကြားချက်ထုတ်ပြန်ထားသည့် ကာလအတွင်း စားသောက်ဆိုင်များကဲ့သို့သော လုပ်ငန်းများသည် ၎င်းတို့၏ ဝန်ဆောင်မှုများအား စားသုံးသူများက အသုံးမပြုတော့သည်ကို ကြုံတွေ့ခဲ့ကြရသည်။ အချို့သော စီးပွားရေးလုပ်ငန်းများမှာလည်း ပုံမှန်ပေးသွင်းရသည့် စီးပွားရေးလုပ်ငန်းလိုင်စင်ကြေးများကို ပေးသွင်းနိုင်ခြင်းမရှိကြတော့ချေ။ ကိုဗစ်-၁၉ကပ်ရောဂါကာလအတွင်း စီးပွားရေးလုပ်ငန်းလိုင်စင်ကြေးများကို ကောက်ခံရန်မှာလည်း လက်တွေ့တွင် ခက်ခဲမှုများရှိလာပြီး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့သက်ဆိုင်ရာနေရာများတွင် နေထိုင်ခြင်းမပြုတော့သည်များလည်း ရှိနိုင်ပါသည်။ ထို့အတွက်ကြောင့် လုပ်ငန်းလိုင်စင်ကြေးကောက်ခံသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့်လည်း လိုင်စင်ကြေးများကို လူကိုယ်တိုင်သွားရောက်ကောက်ခံသည့်အခါ ၎င်းတို့ကိုယ်တိုင်တွင် ဖြစ်စေ၊ အခြားသူများအပေါ်တွင်ဖြစ်စေ ကျန်းမာရေးဆိုင်ရာ အန္တရာယ်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။

ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများအားလုံး တပြေးညီ ထိခိုက်သည်တော့ မဟုတ်ပါ။ ဥပမာအားဖြင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကုမ္ပဏီများသည် နေအိမ်များတွင်သာနေထိုင်ရေး ညွှန်ကြားချက်ထုတ်ပြန်ထားသော ကာလများတွင် စီးပွားရေးလုပ်ငန်းအသစ်များ ရရှိလုပ်ကိုင်နိုင်သောအခြေအနေများ ရှိနိုင်ပါသည်။[၅] ကိုဗစ်-၁၉ကပ်ရောဂါသည် အိမ်ထောင်စုတိုင်းနှင့် စီးပွားရေးလုပ်ငန်းတိုင်းကို မတူညီသော ပုံစံများဖြင့် ရိုက်ခတ်ခဲ့ပါသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီ/စည်ပင်သာယာရေးအဖွဲ့များ၏ ရှုထောင့်မှကြည့်လျှင် မတူကွဲပြားသော မြို့နေလူတန်းစားအလွှာအသီးသီးအပေါ်တွင် ကိုဗစ်-၁၉၏ ပုံစံအမျိုးမျိုးဖြင့် ရိုက်ခတ်ခဲ့ခြင်းကို ထည့်သွင်းစဉ်းစားကာ မူဝါဒပိုင်းဆိုင်ရာတွင် ညှိနှိုင်းပြုပြင်ရန်လိုအပ်မည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများမှ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ သက်ဆိုင်ရာအခွန်၊အခများ ကောက်ခံရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများရှိနေသည့်အတွက် မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် ကိုဗစ်-၁၉ကူးစက်ရောဂါကို တုန့်ပြန်ဆောင်ရွက်သည့်အနေဖြင့် စီးပွားရေးလုပ်ငန်းလိုင်စင်ကြေးကောက်ခံသည့် လုပ်ငန်းစဉ်များကို ယာယီပြောင်းလဲဆောင်ရွက်ရန် စဉ်းစားနိုင်ပါသည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန(ပြည်ထောင်စုအဆင့်)သည် ဟိုတယ်များကို ကူညီထောက်ပံ့ပေးသည့်အနေဖြင့် လိုင်စင်သက်တမ်းတိုးကြေးကို ရွှေ့ဆိုင်းပေးပြီးဖြစ်ပါသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည်လည်း အလားတူမူဝါဒတစ်ခုကို အသုံးပြုနိုင်ပါသည်။ ထို့ပြင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ရန်အတွက် လိုင်စင်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲရန် အခွင့်အရေးရှိပါသည်။[၆]

လုပ်ငန်းလိုင်စင်နှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်နည်းလမ်းများအား ယာယီခဏ ပြောင်းလဲရန် မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များမှ ဆုံးဖြတ်သည်ဖြစ်စေ သို့မဟုတ် ဆုံးဖြတ်ခြင်း မရှိသည်ဖြစ်စေ ယင်းတို့အနေဖြင့် စီးပွားရေးလုပ်ငန်းများနှင့် ရှင်းလင်းစွာ ဆက်သွယ်ဆောင်ရွက်ရန် အရေးကြီးပါသည်။ ကပ်ရောဂါကာလအတွင်း ထိခိုက်နိုင်သည့် စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့အနေဖြင့် လုပ်ငန်းများ ဆက်လက်လည်ပတ်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို သိရှိလိုကြမည်ဖြစ်ပါသည်။ ထို့အတူ အသေးစားလုပ်ငန်းများအတွက် ခွင့်ပြုသော ချေးငွေများ၊ အခြားသော ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့များကို ရယူနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နောက်ဆုံးချမှတ်ထားသော သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် လုပ်ငန်းမှတ်ပုံတင်များကို လိုအပ်လာနိုင်ပါသည်။

## ၃.၂။ အဆောက်အအုံ စစ်ဆေးခများ

အဆောက်အအုံစစ်ဆေးခများအပေါ်တွင် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုမှာ ရှင်းလင်းသေချာမှု မရှိသေးပါ။ ရေတိုကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများသည် ရောဂါဖြစ်ပွားနေသော ကာလအတွင်းတွင်လည်း ဆက်လက်ဆောင်ရွက်နိုင်ခြေရှိနေသော်လည်း၊ ကာလလတ်တွင်မူ ကိုဗစ်-၁၉ကပ်ရောဂါ၏ ဆောက်လုပ်ရေးလုပ်ငန်းများအပေါ်ရိုက်ခတ်မှုမှာ ပိုမိုပြင်းထန်လာနိုင်ပါသည်။

ကိုဗစ်-၁၉ကူးစက်ရောဂါသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ စီးပွားရေးလုပ်ငန်းများ၏ ဝယ်လိုအားနှင့် ရောင်းလိုအားကို ပွတ်တိုက်မှုများ ဖြစ်ပေါ်စေခဲ့ရာ ဆောက်လုပ်ရေးကဏ္ဍသည်လည်း ခြွင်းချက်မရှိ ပါဝင်ခဲ့ပါသည်။ စီးပွားရေးကျဆင်းမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့်ဝယ်လိုအားကို လျော့နည်းလာနိုင်ဖွယ်ရှိပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်သားများသည် ၎င်းတို့၏ရပ်ရွာများသို့ ပြန်သွားခြင်းနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများသည် လုပ်သားနှင့်ဆောက်လုပ်ရေးပစ္စည်းရရှိနိုင်မှုကို လျော့နည်းစေနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအသစ်များ လျော့နည်းလာသည်နှင့်အမျှ အဆောက်အအုံစစ်ဆေးခမှရရှိသော ရငွေများသည်လည်း ကျဆင်းလာနိုင်ပါသည်။

မကြာမီကာလများတွင် စီးပွားရေးကဏ္ဍပြန်လည်နိုးထလာသည့်အနေဖြင့် အစိုးရမှ ဆောက်လုပ်ရေးလုပ်ငန်းများတွင်ရင်းနှီးမြုပ်နှံမှုများ တိုးမြှင့်ပြုလုပ်လာပါက ကိုဗစ်-၁၉ကာလတွင် ကျဆင်းသွားသည့် အဆောက်အအုံစစ်ဆေးခများမှ ရငွေအချို့ကို ပြန်လည်ရှာဖွေနိုင်မည်ဖြစ်ပါသည်။

စီးပွားရေးကျဆင်းမှုများအပြင် တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ရေးအစီအမံများသည်လည်း အဆောက်အအုံကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်စေနိုင်ပါသည်။ အဆောက်အအုံများကို စစ်ဆေးရာတွင် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာများ၊ အဆောက်အအုံပိုင်ရှင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်ကြသဖြင့် မြေဧရိယာကျဉ်းသော အဆောက်အအုံငယ်များတွင် တစ်ဦးချင်းထိတွေ့မှုခွာခြားသောအစီအမံများကို လက်တွေ့တွင် ဆောင်ရွက်နိုင်မည်မဟုတ်သဖြင့်၊ စည်ပင်သာယာရေးဝန်ထမ်းများအပေါ်တွင် အန္တရာယ်များ ရှိလာနိုင်ပါသည်။

## ၃.၃။ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများ

ကမ္ဘာတစ်ဝှမ်းတွင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ကြော်ငြာငှားရမ်းခများမှ ရငွေများသည် များစွာထိခိုက်ခဲ့ရပါသည်။ ယခုကဲ့သို့ မသေချာမှုမရေရာမှုများရှိနေသည့်အချိန်တွင် အများပြည်သူသုံးလမ်းမများ၏နံဘေးတွင် ဆိုင်းဘုတ်များ စိုက်ထူကြော်ငြာခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် တွက်ချေကိုက်မှုနည်းပါးသကဲ့သို့၊ ထိရောက်မှုလည်း နည်းပါးပါသည်။ ရောဂါပျံ့နှံ့မှုကာကွယ်ထိန်းချုပ်ရေး အစီအမံများကြောင့် ကြော်ငြာဆိုင်းဘုတ်များကို ကြည့်ရှုသူဦးရေနှင့် ကြည့်ရှုသည့် အကြိမ်အရေအတွက်တို့မှာ နည်းသည်ထက်နည်းလာပါသည်။

ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများကို မြို့တော်စည်ပင်သာယာရေးကော်မတီများ / စည်ပင်သာယာရေးအဖွဲ့များသည် တစ်နှစ်လျှင် နှစ်ကြိမ်ကောက်ခံပါသည်။ ရေတိုကာလတွင် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများမှ ရငွေများသည် လျော့နည်းလာနိုင်ဖွယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် စီးပွားရေးလုပ်ငန်းများအနေဖြင့် ကြော်ငြာသည့်ကြိမ်နှုန်းကိုလျှော့ချခြင်း သို့မဟုတ် ကြော်ငြာဆိုင်းဘုတ်များအားလုံးကို ဖယ်ရှားခြင်းများကြောင့်ဖြစ်ပါသည်။ ကာလလတ်နှင့်ကာလရှည်တွင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများသည် သမားရိုးကျကြော်ငြာသည့်နည်းလမ်းမှ ဒီဂျစ်တယ်စနစ်ဖြင့်ကြော်ငြာသည့်နည်းလမ်းသို့ ပြောင်းလဲအသုံးပြုလာစေရန် တွန်းအားပေးလာနိုင်ပါသည်။ ထိုသို့ပြောင်းလဲအသုံးပြုလာပါက ကြော်ငြာဆိုင်းဘုတ်များမှရရှိသည့် ရငွေများ ပြန်လည်ဦးမော့လာစေရန် နှောင့်နှေးနိုင်ပါသည်။

## ၃.၄။ ဘီးခွန်နှင့် ယာဉ်ဖြတ်သန်းခ(တိုးဂိတ်ကြေး)

စည်ပင်သာယာရေးအဖွဲ့အများစုအတွက် ဘီးခွန်များသည် ပမာဏသေးငယ်သော်လည်း အားထားရသည့် ဝင်ငွေအမျိုးအစားဖြစ်ပါသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့အတွက် ဘီးခွန်များသည် ကြီးမားသည့်ဝင်ငွေရင်းမြစ်များဖြစ်ကြပါသည်။ စည်ပင်သာယာရေးအဖွဲ့အများစုသည် ဘီးခွန်(ယာဉ်၏ အင်ဂျင်ပါဝါ သို့မဟုတ် ခန့်မှန်းယာဉ်တန်ဖိုးအပေါ်တွင်မူတည်၍)နှင့် ယာဉ်ဖြတ်သန်းခ(တိုးဂိတ်ကြေး)(ယာဉ်တစ်စီးမြို့အတွင်းသို့ ဝင်ရောက်သည့်အကြိမ်တိုင်း ကောက်ခံခြင်း)တို့ကို ရရှိကြသည်။ ကိုဗစ်-၁၉ကပ်ရောဂါဖြစ်ပွားမှုကြောင့် အဆိုပါရငွေအမျိုးအစားနှစ်ခုလုံးသည် ကျဆင်းသွားဖွယ်ရှိပါသည်။


ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများ ချမှတ်ထားခြင်းကြောင့် ပြီးခဲ့သည့်လများအတွင်း ယာဉ်အသွားအလာ နည်းပါးသွားသည့်အတွက် ယာဉ်ဖြတ်သန်းခ(တိုးဂိတ်ကြေး)ရရှိမှုများသည် သိသာစွာကျဆင်းသွားခဲ့ပါသည်။ ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံမှုအတွက်လည်း ယာဉ်ဖြတ်သန်းခကောက်ခံသည့်ဂိတ်(တိုးဂိတ်)များကို ပိတ်ထားခဲ့ပါသည်။ ရောဂါထိန်းချုပ်ရေးအစီအမံများကို ပြန်လည်ဖြေလျှော့လာသည်နှင့်အမျှ မြို့ဝင်ယာဉ်ဖြတ်သန်းဂိတ်(တိုးဂိတ်)များမှရရှိသော ဝင်ငွေများသည်လည်း

မြို့အများစုတွင် ပြန်လည်မြင့်တက်လာနိုင်ခြေရှိပါသည်။ ယာဉ်ဖြတ်သန်းခကောက်ခံခြင်းလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီကို လွှဲပြောင်း လုပ်ကိုင်စေသည့် မြို့များတွင်မူ ယာဉ်ဖြတ်သန်းခမှရရှိသော ရငွေကျဆင်းမှုသည် ယာယီတွင် နေးကွေးနိုင်သော်လည်း၊ လာမည့်နှစ်အတွက် ငှားရမ်းလုပ်ကိုင်ခွင့်လိုင်စင်တန်ဖိုးများ ကျဆင်းလာသည့်အခါ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ရငွေ လျော့နည်းမှုကို ခံစားလာရနိုင်ပါသည်။

ဘီးခွန်များကို တစ်နှစ်လျှင်နှစ်ကြိမ် ကောက်ခံလျက်ရှိရာမှ ယခုကဲ့သို့ကိုဗစ်–၁၉ကပ်ရောဂါဖြစ်ပွားသည့်အတွက် ဘီးခွန်မှရငွေ များ ကျဆင်းသွားနိုင်ဖွယ်ရှိပါသည်။ အခွန်ကောက်ခံရာတွင် လက်တွေ့ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ(ဘောင်ကွက် ၆ တွင်ရှု)နှင့် အိမ်ထောင်စုများ ရင်ဆိုင်ရသည့် ဝင်ငွေကျဆင်းမှုများသည် လာမည့်( ၆ )လတွင် ဘီးခွန်မှရှိမည့် ရငွေများကို အတိုင်းအတာ တစ်ခုအထိ နည်းပါးသွားစေမည် ဖြစ်ပါသည်။ သို့သော်လည်း ရေရှည်ကာလတွင် လမ်းမများပေါ်ရှိ မော်တော်ယာဉ်အရေအတွက် သည် ကိုဗစ်–၁၉ကပ်ရောဂါကြောင့် သိသိသာသာကျဆင်းသွားနိုင်ဖွယ်မရှိသဖြင့် ဘီးခွန်များမှရငွေသည် ကာလလတ်တွင် ပြန်လည် ဦးမော့လာနိုင်ပါသည်။

## ဘောင်ကွက် ၆:
## ကပ်ရောဂါကျရောက်နေစဉ်တွင် အခွန်ကောက်ခံခြင်းသည် လုံခြုံမှုရှိနိုင်ပါသလား?

ကပ်ရောဂါကျရောက်နေစဉ်တွင် အခွန်ကောက်ခံရခြင်းသည် လက်တွေ့တွင် စိန်ခေါ်မှုများစွာရှိပါသည်။ အခွန်များကို ပုံမှန်ဆက်လက်ကောက်ခံသည့်အခါ အခွန်ကောက်ခံသူများသည် တစ်အိမ်တက်ဆင်း ကောက်ခံရသည့်အတွက် အခွန် ကောက်ခံသူများအတွက်ဖြစ်စေ၊ အခွန်ထမ်းပြည်သူများအတွက်ဖြစ်စေ အန္တရာယ်ရှိနိုင်ပါသည်။ သို့သော်လည်း စည်ပင် သာယာရေးအဖွဲ့များသည် အခွန်ရငွေများကောက်ခံရန် တွန်းအားများနှင့်ရင်ဆိုင်နေရပါသည်။ မြို့တော်စည်ပင်သာယာ ရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များ၏ ပုံမှန်အခွန်ကောက်ခံသည့်စက်ဝန်းကာလကို အောက်တွင်ဖော်ပြထား ပါသည်။ စည်ပင်သာယာရေးအဖွဲ့အများစုတွင် ဘဏ္ဍာရေးနှစ်တစ်နှစ်၏ ဒုတိယပိုင်းအခွန်ကောက်ခံသည့် အချိန်ကာလ ကို ရောက်ရှိနေပြီဖြစ်သော်လည်း ၎င်းတို့အနေဖြင့် အခွန်ငွေအချို့အစားအများစုကို ဆက်လက်ကောက်ခံရန် ကျန်ရှိနေပါ သေးသည်။[၇]




အခွန်ကောက်ခံသည့် ပထမ( ၆ )လပတ်　　　　အခွန်ကောက်ခံသည့် ဒုတိယ( ၆ )လပတ်

ယခုကဲ့သို့ကပ်ရောဂါကျရောက်နေသည့်ကာလတွင် စည်ပင်သာယာရေးအဖွဲ့များ၏အခွန်ဌာနများသည် အောက်ပါအချက် အလက်များကို စဉ်းစားထားသင့်ပါသည်–

- စည်ပင်သာယာရေးအဖွဲ့များထံသို့ အခွန်ပေးဆောင်ခြင်းကို ဒီဂျစ်တယ်စနစ်သို့ မည်မျှမြန်မြန်ဆန်ဆန်ပြောင်းလဲနိုင် ပါမည်နည်း။
- ကပ်ရောဂါကျရောက်နေစဉ်တွင် စည်ပင်သာယာရေးဝန်ထမ်းများသည် အခွန်ကောက်ခံနိုင်ပါမည်လား။
- အခွန်ကောက်ခံခြင်းသည် အများပြည်သူအတွက် အန္တရာယ်ရှိနိုင်ပါသလား။ ၎င်းဖြစ်ပေါ်လာနိုင်သော အန္တရာယ် ကို လက်ခံနိုင်ဖွယ်ရှိပါသလား။ သို့မဟုတ် လျှော့ချနိုင်ပါသလား။
- အခြားသော ဆက်စပ်အစိုးရဌာနများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်ပါမည်လား။ (ဥပမာ – ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဘီးခွန်များကောက်ခံရန်အတွက် ဖွင့်လှစ်ထားရှိပါမည်လား။)

အခွန်ကောက်ခံမှုများကို ဆက်လက်ဆောင်ရွက်မည်ဆိုပါက တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ရေးအစီအမံများကို ရေးဆွဲလုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပြီး၊ အကာအကွယ်ဝတ်စုံများ (PPE) ကိုလည်းအသုံးပြုစေရမည်ဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကောက်ခံရမည့်ရငွေအမျိုးအစားများကို အတူတကွ စုစည်းကောက်ခံခြင်းဖြင့်လည်း အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများထံသို့ သွားရောက်ရမည့်အကြိမ်အရေအတွက်ကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ Renaissance Institute နှင့် အာရှဖောင်ဒေးရှင်းတို့သည် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း စည်ပင်သာယာရေးရငွေများ စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ အကြံပြုစာတမ်းများကို များမကြာမီကာလတွင်လည်း ထပ်မံထုတ်ဝေသွားမည်ဖြစ်ပါသည်။

## ၃.၅။ ပစ္စည်းခွန်များ

အိမ်ထောင်စုများ၏ ဝင်ငွေကျဆင်းမှု၊ အခွန်ကောက်ခံရာတွင် အခက်အခဲများရင်ဆိုင်ရမှုတို့ကြောင့် ပစ္စည်းခွန်မှရငွေများသည်လည်း ဘီးခွန်များကဲ့သို့ပင် ရေတိုကာလတွင် ကျဆင်းလာနိုင်ဖွယ်ရှိပါသည်။ သို့သော်လည်း ရေရှည်ကာလတွင်မူ အိမ်ခြံမြေအဆောက်အအုံအရေအတွက်များမှာ ကိုဗစ်–၁၉ကပ်ရောဂါ၏ရိုက်ခတ်မှုကြောင့် သိသာစွာကျဆင်းသွားမည့် ကဏ္ဍမဟုတ်သဖြင့် ပစ္စည်းခွန်များသည် စည်ပင်သာယာရေးအဖွဲ့များအတွက် ဆက်လက်တိုးပွားနေမည့် ဝင်ငွေရင်းမြစ်တစ်ခုပင်ဖြစ်ပါသည်။

ရေတိုကာလတွင် ပစ္စည်းခွန်မှရငွေများအပေါ် ထိခိုက်နိုင်သည့်အတိုင်းအတာမှာ မြို့တစ်မြို့ချင်းစီရှိ စီးပွားရေးလုပ်ငန်းများနှင့် ပစ္စည်းခွန်ပေးဆောင်သော အိမ်ထောင်စုများအပေါ်တွင် မူတည်နေပါသည်။ ရန်ကုန်မြို့တွင် ပစ္စည်းခွန်၏( ၉၄% )သည် စီးပွားရေးလုပ်ငန်းများမှ ရရှိသဖြင့် ပစ္စည်းခွန်ပေးဆောင်မှုသည် စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်လျက်ရှိပါသည်။[၅] ကိုဗစ်–၁၉ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးအကြပ်အတည်းများကြားတွင် လုပ်ငန်းများသည် ရပ်တည်ရန် ရုန်းကန်နေရသည့်အတွက် ရေတိုကာလနှင့်ကာလလတ်တွင် ပစ္စည်းခွန်အပေါ်ရိုက်ခတ်မှုများ ရှိလာနိုင်ပါသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက တောင်ကြီးမြို့တွင် ပစ္စည်းခွန်ကို အိမ်ထောင်စုအများအပြားထံမှ ပမာဏအနည်းငယ်ဖြင့် ကောက်ခံရရှိပြီး၊[၆] အခွန်ပေးဆောင်မှုသည်လည်း သက်ဆိုင်ရာအိမ်ခြံမြေအဆောက်အအုံတည်နေရာနှင့် ချိတ်ဆက်နေသည့်အတွက် ရေတိုကာလတွင် ကိုဗစ်–၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုမှာ ပြင်းထန်မှုလျော့နည်းနိုင်ပါသည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့အချို့တွင် ဒီဂျစ်တယ်စနစ်ဖြင့် ပစ္စည်းခွန်ကိုပြောင်းလဲကောက်ခံနိုင်ရန် စမ်းသပ်လုပ်ဆောင်ခဲ့ကြပါသည်။ အဆိုပါတီထွင်ဆန်းသစ်မှုများသည် ယခုကဲ့သို့ ကပ်ရောဂါကျရောက်နေစဉ်ကာလတွင် အသုံးဝင်လာမည်ဖြစ်ပါသည်။ တောင်ကြီးနှင့်ဘားအံကဲ့သို့သော မြို့ငယ်အချို့တွင်လည်း မြန်ခွန်အက်ပလီကေးရှင်း အသုံးပြုခြင်းဖြင့် အခွန်ကောက်ခံသူဝန်ထမ်းများမှ လူနေအိမ်များသို့ အခွန်သွားရောက်ကောက်ခံရချိန်များကို လျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် အဖွဲ့ရုံးရှိ အခြားသောလုပ်ဖော်ကိုင်ဖက်များနှင့် ပိုမိုနီးကပ်စွာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အချိန်ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ရန်ကုန်နှင့်မန္တလေးကဲ့သို့သော မြို့ကြီးများတွင် ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ကောက်ခံနိုင်ပြီဖြစ်ပါသည်။ (ဘောင်ကွက် ၇ တွင် ရှု။)

ဘောင်ကွက် ၇:

### ကပ်ရောဂါကာလအတွင်း ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ကောက်ခံခြင်း

ကပ်ရောဂါကျရောက်နေစဉ်ကာလတွင် ဒီဂျစ်တယ်စနစ်ဖြင့် အခွန်ငွေများကောက်ခံခြင်းသည် များစွာအကျိုးရှိစေနိုင်ပါသည်။ ဒီဂျစ်တယ်စနစ်ဖြင့် ပေးဆောင်ရသည့်အတွက် အခွန်ထမ်းပြည်သူများအနေဖြင့်လည်း လုံခြုံစွာ ပေးဆောင်နိုင်

မည်ဖြစ်ပြီး၊ ကပ်ရောဂါကာလတွင် အခြားသောလုပ်ငန်းတာဝန်များ ထမ်းဆောင်နေရနိုင်သည့် ဝန်ထမ်းများအပေါ် ယခင်ကကဲ့သို့ မှီခိုရမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အုပ်ချုပ်စီမံမှုကိုလည်း ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့သည် ပြည်တွင်းဘဏ်များနှင့်ပူးပေါင်းကာ စည်ပင်သာယာရေးဆိုင်ရာ အခွန်များကို စမတ်ဖုန်းများဖြင့် ပေးချေနိုင်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်သတ်မှတ်ချက်များအရ မိုဘိုင်းလ်စနစ်ဖြင့် ငွေပေးချေခြင်းကို မဆောင်ရွက်နိုင်သေးသော စည်ပင်သာယာရေးအဖွဲ့အချို့သည်လည်း အခွန်ကောက်ခံသည့် ဆော့ဖ်ဝဲလ်ကို အသုံးပြုလျက်ရှိပြီး၊ ဝန်ထမ်းများရုံးသို့ပုံမှန်လာရောက်ရန်မလိုဘဲ အခွန်ကောက်ခံခြင်းကို ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ထိုနည်းပညာများကို ပိုမိုမြန်ဆန်ထိရောက်စွာ အသုံးပြုလာနိုင်ရန်အတွက် ကိုဗစ်-၁၉ကပ်ရောဂါက တွန်းအားပေးနေပါသည်။

## ၃.၆။ ဆိုင်ခန်းငှားရမ်းခများ

ဆိုင်ခန်းများသည် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို အပြင်းထန်ဆုံးခံစားခဲ့ကြရသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။ ဈေးဆိုင်အများအပြားသည် ယာယီပိတ်သိမ်းထားကြရပြီး အချို့မှာ ပြန်လည်ဖွင့်လှစ်ရန် ရုန်းကန်နေရဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းအများအပြားသည် အရွယ်အစားသေးငယ်ကာ ကိုယ်ပိုင်မြေ/နေရာဝန်းကျင်များတွင် လုပ်ကိုင်ကြသော မိသားစုပိုင်လုပ်ငန်းများဖြစ်ကြပါသည်။[၁၀] သို့သော်လည်း စည်ပင်သာယာရေးအဖွဲ့များသို့ ငှားရမ်းခပေးသွင်းသည့် လုပ်ငန်းများအတွက်မူ အဆိုပါငှားရမ်းခသည် ပုံသေသတ်မှတ်ထားသော ကုန်ကျစရိတ်ဖြစ်ပါသည်။ ဈေးဆိုင်များ ရင်ဆိုင်နေရသော စီးပွားရေးအကြပ်အတည်းများကြောင့် ဆိုင်ခန်းငှားရမ်းခများသည် အရာရောက်မှုနည်းပါးမည်ဖြစ်ပြီး တွန်းအားပေးကောက်ခံခြင်းမှာလည်း လက်တွေ့မကျသကဲ့သို့ လူကြိုက်လည်းနည်းမည်ဖြစ်ပါသည်။ မျှတမှုမရှိသည့် ဆိုင်ခန်းငှားရမ်းခကွာဟချက်များကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေနှင့်ပြီးသော ဆိုင်ခန်းအများအပြားထံမှ ငှားရမ်းခများ ကောက်ယူရန်မှာ ပိုမိုခက်ခဲလာမည်ဖြစ်ပါသည်။

ဆိုင်ခန်းငှားရမ်းခများလျော့နည်းရရှိခြင်းသည် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရေရှည်ရိုက်ခတ်မှု ဖြစ်လာနိုင်ဖွယ်ရှိပါသည်။ ဆိုင်ခန်းအများအပြားသည် စီးပွားရေးအကြပ်အတည်းအတွင်းမှ ပြန်လည်နိုးထရန် ရုန်းကန်နေကြရပြီး၊ ဝယ်ယူစားသုံးသူများသည်လည်း ၎င်းတို့၏ မူလဈေးဝယ်သည့်ပုံစံသို့ ပြန်လည်ရောက်ရှိရန် နှေးကွေးနေဦးမည်ဖြစ်ပါသည်။

## ၃.၇။ လိုင်စင်လေလံကြေး

လိုင်စင်လေလံကြေးများသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့ကြီးများနှင့်မြို့အများစုအတွက် အကြီးမားဆုံးဝင်ငွေရင်းမြစ်များအနက်မှ တစ်ခုဖြစ်ပါသည်။ သားသတ်ရုံလိုင်စင်တစ်ခုတည်းသည်ပင်လျှင် စည်ပင်သာယာရေးအဖွဲ့များအတွက် သိသာသော ဝင်ငွေအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါသည်။

အားတက်ဖွယ်အချက်တစ်ခုမှာ သားသတ်ရုံလိုင်စင်များမှရရှိသော ရငွေသည် အခြားဝင်ငွေရင်းမြစ်များနှင့် နှိုင်းစာလျှင် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို ခံစားရသည့်အတိုင်းအတာ နည်းပါးပါသည်။ အသားသည် အိမ်ထောင်စုများ၏ လိုအပ်သော အစားအစာဖြစ်သည့်အတွက်[၁၁] ကာလလတ်တွင် အသားရောင်းချမှုများသည် လျော့နည်းသွားနိုင်ဖွယ်မရှိပါ။ ကာလရှည်တွင် အသားဝယ်လိုအား(သားသတ်ရုံလိုင်စင်တန်ဖိုးများကို သတ်မှတ်ပေးသည့်အချက်)သည်လည်း ကြီးမားစွာရိုက်ခတ်ခံရဖွယ်

မရှိပါ။ မည်သို့ဆိုစေကာမူ ကိုဗစ်-၁၉ကပ်ရောဂါ၏ စီးပွားရေး ရိုက်ခတ်မှုများကြောင့် အသားရောင်းချနိုင်မှုသည် ယာယီအားဖြင့် ကျဆင်းသွားနိုင်ပါသည်။ စည်ပင်သာယာရေးအဖွဲ့အများအပြားသည် သားသတ်ရုံလိုင်စင်များကို ဇူလိုင်လနှင့် သြဂုတ်လများတွင် လေလံတင်ရန် လျာထားကြပါသည်။ ထို့ကြောင့် ငွေရေးကြေးရေးအရ ယာယီ ရုန်းကန်နေကြရသည့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် တန်ဖိုးမြင့်မားသည့် လေလံများကို စျေးပြိုင်မပေးနိုင်သည့် ယခုကဲ့သို့ကာလတွင် စည်ပင်သာယာရေးအဖွဲ့များ၏ လိုင်စင်ကြေးများမှရသော ရငွေ အပေါ်တွင် သက်ရောက်မှု များ ရှိလာနိုင်ပါသည်။

အခြားသောလိုင်စင်လေလံများ (ဥပမာ - စျေးလိုင်စင်၊ သယ်ယူပို့ဆောင်ရေးလိုင်စင်များ)အပေါ်တွင် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုမှာ ရေတိုသဘောဆောင်နိုင်ပါသည်။ ရေတိုကာလတွင် ကိုဗစ်-၁၉ကပ်ရောဂါသည် စီးပွားရေးလုပ်ငန်းလိုင်စင်များ အပေါ်တွင် ရိုက်ခတ်မှုရှိနိုင်သော်လည်း ထိုလိုင်စင်များကို ရယူလုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းများသည် ကာလလတ်နှင့် ရေရှည်ကာလတွင် ပြောင်းလဲသွားနိုင်ဖွယ်မရှိပါ။ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေရင်းမြစ်များကဲ့သို့ပင် လိုင်စင်ကြေးများ ကောက်ယူရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဝင်ငွေများ မရရှိနိုင်မှုစသည့်အခြေအနေများကြားတွင် ချိန်ဆရမည်ဖြစ်ပါသည်။ လိုင်စင်ကြေးများကောက်ခံရာတွင် အန္တရာယ်ဖြစ်နိုင်ခြေ နည်းပါးမှုရှိစေရန် တန်ဖိုးမြင့်လိုင်စင်များရောင်းချရာတွင် တစ်ဦးချင်းထိတွေ့မှုခွာခြားခြင်းအစီအမံများကို သင့်လျော်သလို ချမှတ်၍ ဆက်လက်ကောက်ခံနိုင်ပါသည်။

## ၃.၈။ ပြည်တွင်းအခွန်များဦးစီးဌာနမှ လွှဲပြောင်းပေးအပ်သောရငွေ

ပြည်တွင်းအခွန်များဦးစီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များသို့ ရငွေများကို အလျဉ်းသင့်သလို မျှဝေပေးခြင်းဖြစ်ရာ ထိုရငွေ များအပေါ်တွင် ကိုဗစ်-၁၉ကပ်ရောဂါက မည်သို့သက်ရောက်မှုရှိသည်ကို ခန့်မှန်းရန် ခက်ခဲပါသည်။ ကိုဗစ်-၁၉ကပ်ရောဂါ ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးကဏ္ဍထိခိုက်မှုသက်သာရေးစီမံချက်အရ အစိုးရဌာနအသီးသီး၏ ရသုံးမှန်းခြေ ငွေစာရင်းမှ ဘဏ္ဍာငွေများကို ကိုဗစ်-၁၉ကပ်ရောဂါ တုန့်ပြန်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများအတွက် ပြန်လည်အသုံးပြုရန် သတ်မှတ်ထားပြီးဖြစ်ရာ အလျဉ်းသင့်သလို ဆောင်ရွက်ပေးသည့် ရန်ပုံငွေမျှဝေခြင်းများအတွက် လာမည့်လများတွင် ဆက်စပ် ဌာနအချင်းချင်းကြား ပိုမိုခက်ခဲစွာ ညှိနှိုင်းကြရမည်ဖြစ်ပါသည်။

## ၃.၉။ ဒဏ်ငွေနှင့်ဒဏ်ကြေးများ

အချို့စည်ပင်သာယာရေးအဖွဲ့များသည် ဒဏ်ငွေ/ဒဏ်ကြေးများ ကောက်ခံခြင်းကို လျှော့ချရန် ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းယာဉ်ထိန်းတပ်ဖွဲ့သည် ကိုဗစ်-၁၉၏ပထမလှိုင်းသက်ရောက်နေသည့်အချိန်အတွင်း ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာ ဒဏ်ကြေးများကို ကောက်ခံခြင်းမပြုဟု ကြေညာထားပြီးဖြစ်သည်။ ဒဏ်ငွေ/ဒဏ်ကြေးများကောက်ခံမှုကို လျှော့ချခြင်းသည် လက်တွေ့ကျသော ဆောင်ရွက်ချက်တစ်ခုဖြစ်ပါသည်။ ယခုကဲ့သို့ ကပ်ရောဂါကျရောက်နေစဉ်ကာလတွင် အများပြည်သူအပေါ် ပိုမိုဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ဒဏ်ငွေ/ဒဏ်ကြေးများတပ်ခြင်းမှာ စာနာမှုနည်းသောလုပ်ရပ်အဖြစ် ရှုမြင်နိုင်ပါသည်။ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေထိုင်ရေးအစီအမံများကြောင့်သော်လည်းကောင်း၊ ဝန်ထမ်းများအား ပိုမိုအရေးကြီးသောကိစ္စရပ်များ ဆောင်ရွက် ရန် တာဝန်ပေးအပ်ရသောကြောင့်သော်လည်းကောင်း၊ ဒဏ်ငွေ/ဒဏ်ကြေးများကောက်ခံခြင်းအား ဆောင်ရွက်ရန်မှာ လက်တွေ့ မကျနိုင်ပါ။ ဖော်ပြပါကန့်သတ်ချက်များကြောင့် ဒဏ်ငွေ/ဒဏ်ကြေးများမှ ရရှိသောရငွေများသည် လက်ရှိဘဏ္ဍာနှစ်တွင် သိသိ သာသာ ကျဆင်းသွားနိုင်ပါသည်။

အထက်ဖော်ပြပါဆွေးနွေးချက်များအရ ကိုဗစ်-၁၉ကပ်ရောဂါသည် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေရင်းမြစ်အမျိုးမျိုး အပေါ်တွင် ရိုက်ခတ်နိုင်ကြောင်း သိရှိနိုင်ပါသည်။ ထိရောက်သော ရငွေဆိုင်ရာမူဝါဒတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် အတွက် စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ကူးစက်ရောဂါကာလတွင် ဖြစ်

ပေါ်လျက်ရှိသော စိန်ခေါ်မှုများက ၎င်းတို့အပေါ် မည်မျှသက်ရောက်မှုရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များ ရင်ဆိုင်နေရသော အဓိကကျသည့် မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရန်လိုအပ်သည့်အချက်များကို အခန်း (၄)တွင် ဆွေးနွေးထားပါသည်။

## ၄။ ရွေးချယ်အသုံးပြုနိုင်မည့် မူဝါဒများ

အထက်ဖော်ပြပါမြို့(၃) မြို့၏ ရငွေဆိုင်ရာ အခြေအနေများကို ဆန်းစစ်သုံးသပ်ခြင်းနှင့် အဓိကကျသော ရငွေရင်းမြစ်များအပေါ် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့များ ရွေးချယ်အသုံးပြုနိုင်မည့် မူဝါဒများကို ဖော်ထုတ်လာနိုင်မည် ဖြစ်ပါသည်။

**စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ရငွေဆိုင်ရာမူဝါဒနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ပိုမိုခက်ခဲမှုများ ကြုံတွေ့နေကြရပြီး၊ ထိုဆုံးဖြတ်ချက်များသည်လည်း သာမန်အချိန်ထက်ပို၍ အရေးပါသော ဆုံးဖြတ်ချက်များ ဖြစ်လာပါသည်။** ရှာဖွေကောက်ခံမည့် ရငွေရင်းမြစ်အမျိုးအစားများနှင့် ထိုရငွေများကို ကောက်ခံပုံနည်းလမ်းများသည် မြို့နေပြည်သူများ၏ ကျန်းမာရေးနှင့်သက်မွေးဝမ်းကြောင်းဆိုင်ရာကဏ္ဍများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များ၏ မြို့ပြဝန်ဆောင်မှုပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်များနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လွတ်လပ်စွာ ရပ်တည်နိုင်မှုတို့အပေါ်တွင် သက်ရောက်မှုများ ရှိလာမည် ဖြစ်ပါသည်။

**လက်တွေ့တွင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ကျဆင်းလာသော ရငွေများသည် စည်ပင်သာယာရေးအဖွဲ့များ၏ မူဝါဒရေးရာပြောင်းလဲရွေးချယ်မှုပေါ်တွင် များစွာ အကန့်အသတ်ဖြစ်စေနိုင်ပါသည်။** တစ်ဖက်တွင် ရငွေများ ကျဆင်းမှုကို ကြုံတွေ့နေရပြီး၊ အခြားတစ်ဖက်တွင်လည်း ကိုဗစ်-၁၉ကပ်ရောဂါနှင့် ဆက်စပ်သည့် အသုံးစရိတ်များကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် လာမည့်လများအတွင်း ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများကို ကြီးမားစွာ ရင်ဆိုင်ရနိုင်ပါသည်။ (ဘောင်ကွက် ၈ တွင်ရှု)ထိုသို့ ရင်ဆိုင်ရသည့်အတွက် မူဝါဒများ ရွေးချယ်အသုံးပြုရာတွင် အကန့်အသတ်များ ကြုံတွေ့ရနိုင်ပါသည်။ ထိုကဲ့သို့သော ဘဏ္ဍာရေးဆိုင်ရာ ဖိအားများရှိနေသည့် တစ်ချိန်တည်းမှာပင် စည်ပင်သာယာရေးအဖွဲ့များသည် လက်တွေ့ကျကျ ကောက်ခံနိုင်မည့် အခွန်အခအမျိုးအစားများ၊ ရက်ရွှေ့ဆိုင်းပေးမည့် အခွန်အခအမျိုးအစားများနှင့် ထပ်မံမကြေညာမချင်း ပယ်ဖျက်ပေးမည့် အခွန်အခအမျိုးအစားများကို ခက်ခဲစွာ ဆုံးဖြတ်ရွေးချယ်ရမည်ဖြစ်ပါသည်။

### ဘောင်ကွက် ၈:
### စည်ပင်သာယာရေး အသုံးစရိတ်အပေါ် ကိုဗစ်-၁၉ကပ်ရောဂါ၏ သက်ရောက်မှု

မြန်မာနိုင်ငံတစ်ဝှမ်းရှိ စည်ပင်သာယာရေးအဖွဲ့များသည် ကိုဗစ်-၁၉ကပ်ရောဂါ၏ စိန်ခေါ်မှုများနှင့် အသားကျရန် အလျင်အမြန်ပြောင်းလဲကြိုးစားနေကြရပါသည်။ ထိုပြောင်းလဲလာမှုများသည် စည်ပင်သာယာရေးအဖွဲ့များ၏ ဘတ်ဂျက်ရင်းမြစ်အပေါ်တွင် ဖိအားများ သက်ရောက်စေပါသည် -

- မရှိမဖြစ်လိုအပ်သည့် မြို့ပြဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်မှာ ယခင်ကာလများကထက် ပိုမိုအရေးပါလာသည်။ ဥပမာ-ရေပေးဝေမှု၊ အမှိုက်သိမ်းဆည်းမှုများသည် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကြောင့် နေအိမ်များတွင်သာ နေထိုင်နေကြရသည့် အိမ်ထောင်စုများအတွက် အဓိကကျသော ဝန်ဆောင်မှုများဖြစ်ပါသည်။

- စည်ပင်သာယာရေးအဖွဲ့များသည် တာဝန်၊ ဝတ္တရားအသစ်များကို ဆောင်ရွက်ရပါသည်။ တောင်ကြီးတွင် မော်တော်ကားများဖြင့် ရွှေ့လျားဈေးစီစဉ်ပေးခြင်းနှင့် စစ်ကိုင်းတွင် အများပြည်သူဆိုင်ရာနေရာများ၌ ပိုးသတ်ဆေးဖြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းတာဝန်အသစ်များကို ဆောင်ရွက်ရာတွင် ငွေကြေးလိုအပ်ပြီး၊ အခြားလျာထားလုပ်ငန်းများ ဆောင်ရွက်ရမည့် အချိန်များကိုလည်း လျော့နည်းသွားစေပါသည်။
- စည်ပင်သာယာရေးအဖွဲ့များ၏ အချို့သော လုပ်ငန်းဆောင်ရွက်ချက်များသည် လက်တွေ့တွင်လုပ်ဆောင်ရန် မဖြစ်နိုင်တော့ပါ။ဥပမာအားဖြင့်တိုင်းဒေသကြီး/ပြည်နယ်များအကြား ဖြတ်ကျော်ခရီးသွား လာခြင်းကိုလတ်တလောတွင် မပြုလုပ်နိုင်တော့ပါ။
- ကိုဗစ်-၁၉ကပ်ရောဂါသည် စည်ပင်သာယာရေးအဖွဲ့များ တုန့်ပြန်ဆောင်ရွက်ရမည့် စိန်ခေါ်မှုအသစ်များကို ဖန်တီးပေးပါသည်။ ဥပမာ အိမ်ခြေရာမဲ့ဦးရေများပြားလာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများ မြင့်တက်လာခြင်းတို့သည် စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမည့်ကဏ္ဍများ ဖြစ်ပါသည်။

ဖော်ပြပါ စိန်ခေါ်မှုအသစ်များကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် သိသာသောအပြောင်းအလဲများနှင့် ရင်ဆိုင်နေရပြီး၊ ၎င်းတို့၏ ဘတ်ဂျက်တွင်လည်း မသေချာမှုများကို ကြုံတွေ့ရလျက်ရှိပါသည်။

**ရေတိုကာလတွင် စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် ရငွေဆိုင်ရာမူဝါဒကို အသုံးပြု၍ ခက်ခဲသောကာလများတွင် သက်ဆိုင်ရာရပ်ရွာအသိုက်အဝန်းများအား ထောက်ပံ့ကူညီပေးနိုင်ပါသည်။** ကပ်ရောဂါကျရောက်နေစဉ်ကာလတွင် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများပေးဆောင်ရမည့် အခွန်၊အခများကိုရွှေ့ဆိုင်းပေးခြင်း သို့မဟုတ် ပယ်ဖျက်ပေးခြင်းအားဖြင့် ရပ်ရွာအသိုက်အဝန်းများ လိုအပ်နေသောစီးပွားရေးဆိုင်ရာတွန်းအားများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ယာဉ်ကြောပိတ်ဆို့မှုဆိုင်ရာဒဏ်ငွေများကိုပယ်ဖျက်ပေးခြင်း၊ ပစ္စည်းခွန်နှင့်စီးပွားရေးလုပ်ငန်းလိုင်စင်များအား ရွှေ့ဆိုင်းပေးခြင်းတို့ ဆောင်ရွက်ပေးပါက စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအတွက် အသက်ရှူချောင်စေမည် ဖြစ်ပါသည်။[၃၂] အိမ်ထောင်စုများ၊စီးပွားရေးလုပ်ငန်းများသက်သာစေရေးအတွက် မူဝါဒနည်းလမ်းအမျိုးမျိုးတို့ကိုအသုံးပြုနိုင်ပါသည်။ အခွန်များ၊အခများကိုရွှေ့ဆိုင်းပေးခြင်း သို့မဟုတ် ပယ်ဖျက်ပေးခြင်း၊ ကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်း၊ အိမ်ထောင်စုများအနေဖြင့် စာရွက်စာတမ်းများလျှောက်ထားရာတွင် လုံလောက်သောအချိန်ရစေရန် ရက်များ ထပ်တိုးသတ်မှတ်ပေးခြင်း၊ ဒဏ်ကြေးများနှင့်ဒဏ်ငွေများကို ပယ်ဖျက်ပေးခြင်းနှင့် လိုင်စင်များကို သက်တမ်းတိုးပေးခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ပါသည်။ (ဘောင်ကွက် ၉ တွင်ရှု။)

## ဘောင်ကွက် ၉:

### အိမ်ထောင်စုများအား အထောက်အကူပြုရန် စည်ပင်သာယာရေး ရငွေမူဝါဒများကို ပြောင်းလဲရေးဆွဲခြင်း[၃၃]

ကပ်ရောဂါကျရောက်နေစဉ်အတွင်း အိမ်ထောင်စုများကို အထောက်အကူပြုရန်အတွက် အသုံးပြုနိုင်သည့် ရငွေဆိုင်ရာမူဝါဒများတွင် ပြောင်းလဲမှုများရှိပါသည်။ သို့သော် မူဝါဒများပြောင်းလဲကျင့်သုံးရာတွင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

**အစိုးရ၏စည်းမျဉ်းစည်းကမ်းများသည် မူဝါဒပြောင်းလဲကျင့်သုံးမှုကို ခွင့်ပြုထားပါသလား။** ဥပမာအားဖြင့်ဆိုရသော် လက်ရှိပြဋ္ဌာန်းထားသော ဥပဒေများက ခွင့်မပြုလျှင် အခွန်ကောက်ခံမှုများရွှေ့ဆိုင်းခြင်းကို ဆောင်ရွက်ရန်မှာ စီမံအုပ်ချုပ်မှုအရ အခက်အခဲရှိနိုင်ပါသည်။ သို့သော်လည်း မကြာသေးမီက ထုတ်ပြန်ခဲ့သည့် ကိုဗစ်–၁၉ကပ်ရောဂါကြောင့် စီးပွားရေးကဏ္ဍထိခိုက်မှုသက်သာရေးစီမံချက်အရ ရသုံးမှန်းခြေငွေငွေစာရင်းအပေါ် ပြုလွယ်ပြင်လွယ်ဖြစ်စေရန် အားပေးထားမှုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့်လည်း အချို့သောအခများကောက်ခံခြင်းကို ရွှေ့ဆိုင်းပေးမှုတို့ကို ကြည့်ခြင်းအားဖြင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း လိုအပ်သည့်ကဏ္ဍများတွင် ပြောင်းလဲမှုများ ပြုလုပ်ရန် အလားအလာများရှိနေနိုင်ပါသည်။

**မူဝါဒပြောင်းလဲကျင့်သုံးမှုများကို ထိရောက်စွာ ဦးတည်ဆောင်ရွက်နိုင်ပါသလား။** ဖြစ်နိုင်ပါက သက်သာရေး စီမံချက်များကို အလိုအပ်ဆုံးပြည်သူများအတွက် ဦးတည်ဆောင်ရွက်ပေးနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကပ်ရောဂါကာလတွင် အကူအညီလိုအပ်နေသည့် စီးပွားရေးလုပ်ငန်းများကို ကူညီပေးနေသည့်တစ်ချိန်တည်းမှာပင် လုပ်ငန်းများဆက်လက်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများထံမှလည်း အခွန်များကိုဆက်လက်ကောက်ခံနိုင်ပါမည်လား။ ဥပမာအားဖြင့် အခွန်/အခသက်သာရေးစီမံချက်များ ရေးဆွဲသည့်အခါ အသေးစား၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် အကြီးစားစီးပွားရေးလုပ်ငန်းများအကြား ခွဲခြားသတ်မှတ်နိုင်ပါမည်လား။

**စီမံအုပ်ချုပ်မှုကဏ္ဍတွင် မည်သည့်သက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပါသနည်း။** ရငွေဆိုင်ရာမူဝါဒများ ပြောင်းလဲကျင့်သုံးခြင်းသည် ဘဏ္ဍာရေးအရ သက်သာမှုကို ရစေနိုင်သော်လည်း စီမံအုပ်ချုပ်မှုကဏ္ဍတွင်မူ အကျိုးဆက်များရှိလာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ လိုင်စင်များ သက်တမ်းကုန်ဆုံးသွားသည့်အခါ အစိုးရ၏ဝန်ဆောင်မှုများကို ဆက်လက်အသုံးပြုနိုင်ပါမည်လား။ အခွန်ပြေစာများကို ဒီဂျစ်တယ်စနစ်ဖြင့်အခွန်ပေးဆောင်သူများထံသို့ ပေးပို့နိုင်ပါမည်လား။

**ကိုဗစ်–၁၉ကပ်ရောဂါကို တုန့်ပြန်ဆောင်ရွက်ရသည့် အစီအမံများသည် မည်မျှကြာမြင့်နိုင်ပါသနည်း။** ကိုဗစ်–၁၉ကပ်ရောဂါဖြစ်ပွားမှုသည် မည်မျှကြာရှည်မည်၊ မည်မျှပြင်းထန်မည်ကို သိရှိရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် ဖြေရှင်းနည်းတစ်ရပ်မှာ သက်တမ်းတိုးမြှင့်ရန် ရိုးရှင်းလွယ်ကူသော ရေတိုစီမံချက်များကို ချမှတ်ကျင့်သုံးရန်ဖြစ်ပါသည်။

**ပြောင်းလဲလာသော မူဝါဒအပေါ် လိမ်လည်အသုံးချမှုများကို မည်သို့ တားဆီးနိုင်ပါမည်နည်း။** မူဝါဒပြောင်းလဲမှုတိုင်းတွင် တွေ့ရသကဲ့သို့ပင် ပြောင်းလဲလာသောမူဝါဒအပေါ်တွင် တရားမဝင်နည်းလမ်းများဖြင့် အမြတ်ထုတ်မှုများလည်း ရှိလာနိုင်ပါသည်။ မူဝါဒများ ပြောင်းလဲကျင့်သုံးခြင်းမပြုမီတွင် လိမ်လည်အသုံးချမှုများ ဖြစ်ပေါ်လာနိုင်ခြေကို ထည့်သွင်းစဉ်းစားထားပါသလား။

**ပြောင်းလဲမှုများသည် ဒီဂျစ်တယ်နည်းစနစ်ကို ရင်းနှီးကျွမ်းဝင်လာစေရန် အားပေးနေပါသလား။** ဒီဂျစ်တယ်နည်းစနစ်ကို ဖြစ်နိုင်သမျှ အသုံးပြုခြင်းဖြင့် အိမ်ထောင်စုများနှင့် စည်ပင်သာယာရေးအဖွဲ့များအတွက် လွယ်ကူမှုရှိလာစေမည်ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုနည်းလမ်းများကို ဒီဂျစ်တယ်စနစ်ဖြင့် ပြောင်းလဲအသုံးပြုပါက နည်းပညာဆိုင်ရာအထောက်အကူများ ပေးနိုင်ပါမည်လား။

**အိမ်ထောင်စုများ အတိုင်းအတာတစ်ခုအထိ သက်သာစေရန်အတွက် ရေတိုကာလတွင် အခွန်၊အခများ လျှော့ချကောက်ခံခြင်းသည် သွယ်ဝိုက်သောအကျိုးကျေးဇူးများရရှိနိုင်ပါသည်။** ရေတိုကာလတွင် ရငွေရင်းမြစ်အချို့အား ရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ခြင်းတို့ ပြုလုပ်မည်ဆိုပါက အခွန်၊အခများကောက်ခံရသော ဝန်ထမ်းများကို အခြားသော အရေးကြီးတာဝန်များ ပေးအပ်နိုင်မည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရက ဆောင်ရွက်သော ကျန်းမာရေးဆိုင်ရာအစီအမံများတွင်လည်း အားဖြည့်ထောက်ပံ့ပေးနိုင်မည်ဖြစ်ပါသည်။ ပြည်သူလူထုအနေဖြင့် ငွေရေးကြေးရေးအရ လုံခြုံစိတ်ချရမှုရှိပါက ကူးစက်ရောဂါထိန်းချုပ်ရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှု နည်းပါးသွားနိုင်ပါသည်။[၁၄] အချို့သော ကောက်ခံရမည့် အခွန်၊အခများကို ရွှေ့ဆိုင်းပေးခြင်းသည် စီးပွားရေးလုပ်ငန်းများရပ်တည်နိုင်ရေးအတွက် ထောက်ပံ့ကူညီပေးခြင်းဖြစ်သဖြင့် ကာလလတ်တွင် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများကို တိုးတက်လာစေနိုင်ပါသည်။ ဆိုလိုသည်မှာ ကပ်ရောဂါကာလတွင် ရပ်တည်ကျန်ရစ်သော စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီတိုင်းသည် အနာဂတ်ကာလတွင် စည်ပင်သာယာရေးအဖွဲ့များအတွက် ဝင်ငွေများ ရရှိစေမည့် ဝင်ငွေရင်းမြစ်များပင် ဖြစ်ပါသည်။

**ရငွေရင်းမြစ်များမှ ကောက်ခံရရှိမှုများကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ဆောင်ရွက်သည့်အခါတွင် မရှိမဖြစ်လိုအပ်သော မြို့ပြဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်များကို ထည့်သွင်းစဉ်းစား၍ ချိန်ဆရမည်ဖြစ်ပါသည်။** ရေတိုကာလတွင် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံလျက်ရှိသော အခွန်၊အခအချို့ကို လျှော့ချကောက်ခံခြင်းဖြင့် စီးပွားရေးနှင့်လူမှုဖူလုံရေးအကျိုးရလဒ်များ ရှိနေနိုင်သည့် တစ်ချိန်တည်းမှာပင် မရှိမဖြစ်လိုအပ်သော မြို့ပြဝန်ဆောင်မှုများကို ဆက်လက်ဆောင်ရွက်ပေးနေရန်မှာလည်း အရေးကြီးပါသည်။ ရေပေးဝေရေးနှင့် အမှိုက်သိမ်းဆည်းရေးကဲ့သို့သော ဝန်ဆောင်မှုများသည် လက်ရှိအခြေအနေတွင် ပို၍ပင် အရေးကြီးပါသည်။ ထိုဝန်ဆောင်မှုများ လည်ပတ်ရန်အတွက် ရန်ပုံငွေလိုအပ်ပါသည်။ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများ လျော့နည်းသွားသည်ဟု ဆိုရာတွင် ရငွေရင်းမြစ်များမှ အခွန်၊အခများကောက်ခံခြင်းကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများကို ဆောင်ရွက်သည့်အခါ တိုင်းဒေသကြီး / ပြည်နယ်အစိုးရ သို့မဟုတ် ပြည်ထောင်စုအစိုးရထံမှ ဘဏ္ဍာငွေထောက်ပံ့မှုများ မရှိလျှင် ဖြစ်နိုင်ခြေရှိမည် မဟုတ်ပါ။

**စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မူဝါဒများကို ပြုလွယ်ပြင်လွယ်ပုံစံဖြင့် အကောင်အထည်ဖော်ရာတွင် ၎င်းတို့၏ ရငွေရင်းမြစ်များ စုပေါင်းဖွဲ့စည်းထားမှုနှင့် ၎င်းတို့၏အသုံးစရိတ်များအပေါ်တွင် မူတည်နေပါသည်။** ကိုဗစ်-၁၉ကပ်ရောဂါက ဒေသန္တရအဆင့်ရငွေများအပေါ်တွင် မည်မျှသက်ရောက်နိုင်သည်ကို စည်ပင်သာယာရေးအဖွဲ့များ၏ အမျိုးမျိုးသောရငွေရင်းမြစ်များမှ အဆုံးအဖြတ်ပေးသွားမည် ဖြစ်ပါသည်။ ဥပမာအားဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် အမျိုးအစားစုံလင်သော ရငွေရင်းမြစ်များမှ ဘဏ္ဍာငွေ ရရှိသည့်အတွက် ဒေသခံစီးပွားရေးလုပ်ငန်းများ အပေါ်တွင်သာ ကြီးမားစွာ မှီခိုနေရသည့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရငွေရင်းမြစ်များနှင့် နှိုင်းစာလျှင် ပို၍ ကြံ့ကြံ့ခံနိုင်စွမ်းရှိပါသည်။ ထို့ပြင် အသုံးစရိတ်ကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ဖြစ်နိုင်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်များကိုအသုံးပြု၍ ၎င်းတို့၏ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းများကို ခန့်မှန်းတွက်ချက်သင့်ပါသည်။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အချက်အလက်များကို အသုံးပြုထားသည့် မူဝါဒဖြစ်ရပ်အခြေပြုဆန်းစစ်သုံးသပ်ချက်ကို အခန်း (၅) တွင် တင်ပြထားပါသည်။

**အခြေအနေအားလုံးနှင့်ကိုက်ညီသည့် တစ်ခုတည်းသော မူဝါဒဖြေရှင်းချက်ဟူ၍ မရှိနိုင်ပါ။** မြို့တော်များ၊မြို့များသည် ရငွေဆိုင်ရာ နောက်ခံအခြေအနေများ၊ အသုံးစရိတ်လိုအပ်ချက်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် သက်ဆိုင်ရာ ဒေသခံ အသိုက်အဝန်းတို့ကြားရှိ ယုံကြည်မှုအတိုင်းအတာအနည်းအများစသည်တို့တွင် ကွဲပြားကြပါသည်။ အဆိုပါအချက်များသည် အကောင်းဆုံးမူဝါဒတစ်ရပ် ရွေးချယ်အသုံးပြုရာတွင် အရေးပါလာမည်ဖြစ်ပါသည်။ အခြားနိုင်ငံများနှင့်မြို့များတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား တုန့်ပြန်ဖြေရှင်းသည့် နည်းလမ်းများကို ဘောင်ကွက် (၁၀)တွင် ဖော်ပြထားပါသည်။

### ဘောင်ကွက် ၁၀:

### အခြားနိုင်ငံများမှ ရငွေကဏ္ဍဆိုင်ရာ သက်သာရေးစီမံချက်များ[၁၅]

**မလေးရှား**တွင် အခွန်ကြွေးမြီကောက်ခံခြင်းများကို ရပ်ဆိုင်းခြင်း၊ အခွန်ပေးသွင်းရမည့် နောက်ဆုံးသတ်မှတ်ရက်များကို တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ကပ်ရောဂါတိုက်ဖျက်ရာတွင် အစိုးရကို ပြည်သူများမှ ဘဏ္ဍာရေးအရ အထောက်အကူပြုပေးရန် တိုက်တွန်းထားသည့် သတင်းစကားများကို အများပြည်သူအကြား ဝါဒဖြန့်ချိခဲ့သည်။

**ကိုရီးယား**တွင် အခွန်ထမ်းပြည်သူများအတွက် အခွန်ပေးဆောင်ရမည့် ရက်ကို (၁)လမှသည် (၂)နှစ်သို့တိုင် အချိန်တိုးမြှင့်ပေးခဲ့သည်။ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် “အန္တရာယ်ကျရောက်လျက်ရှိသောဒေသများ” တွင်နေထိုင်ရသည့် ပြည်သူများအတွက် သက်သာရေးစီမံချက်များကို ပိုမိုဖြေလျှော့ပေးခဲ့သည်။

**စင်္ကာပူ**တွင် ဝင်ငွေခွန်ပေးဆောင်ခြင်းကို စီးပွားရေးလုပ်ငန်းများအတွက် (၃) လ ရွှေ့ဆိုင်းပေးခဲ့သည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ၊ နောက်ကျကြေးပေးဆောင်ရမည့်သူများအတွက်မူ အခွန်ပေးဆောင်မှုကို ပယ်ဖျက်ပေးခဲ့သည်။

**ကနေဒါနှင့် ဗြိတိန်နိုင်ငံများ**တွင် မြို့အများအပြား၊ အထူးသဖြင့် ကိုဗစ်-၁၉ကပ်ရောဂါ ၏ရိုက်ခတ်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရသော စီးပွားရေးကဏ္ဍများအတွက် ပစ္စည်းခွန်များကို ရွှေ့ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အထူးသဖြင့် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရသော စီးပွားရေးကဏ္ဍများအတွက်ဖြစ်သည်။

**ကပ်ရောဂါကျရောက်နေစဉ်ကာလတွင် ယခင်က ပြုပြင်ပြောင်းလဲရန် မဖြစ်နိုင်ခဲ့သည့် ရငွေမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အရေးရှိပါသည်။** အကြပ်အတည်းကို အချည်းအနှီးမဖြစ်ပါစေနှင့်[၁၆] ဟူသော အဆိုသည် ယခုကဲ့သို့ အခြေအနေကို ထင်ဟပ်စေပါသည်။ အကြပ်အတည်းကြုံတွေ့နေရသောအချိန်တွင် စဉ်းစားတွေးခေါ်မှုများသည် ပြဿနာဖြေရှင်းရေးအပေါ်တွင် ဦးတည်လျက်ရှိရာ ယခင်က မဖြစ်နိုင်ခဲ့သော အပြောင်းအလဲများသည် ရုတ်ချည်းဖြစ်လာနိုင်ဖွယ်ရှိပါသည်။ စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အလားအလာရှိသော အခွင့်အလမ်းများကို စဉ်းစားဖော်ထုတ်သင့်ပါသည်။ ဥပမာ မြို့အသီးသီးရှိ အီလက်ထရောနစ်စနစ်ဖြင့် ငွေပေးချေမှုပြုပြင်ပြောင်းလဲရေးများကို မြန်ဆန်စွာ စစ်ဆေးနိုင်မည့် အခွင့်အလမ်းရှိလာခြင်း[၁၇] သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေအမျိုးအစားအသီးသီးတို့ကို ရေရှည်တွင် စဉ်ဆက်မပြတ် အသုံးပြုသွားနိုင်ရန် ညှိနှိုင်းပြင်ဆင်ခြင်း စသည်တို့ဖြစ်ပါသည်။

**မည်သည့်မူဝါဒရေးရာဆုံးဖြတ်ချက်များ ချမှတ်စေကာမူ အခြေအနေကို အများပြည်သူနှင့် အခြားအစိုးရဌာနများသို့ ဆက်သွယ်အသိပေးခြင်းသည် အဓိကသော့ချက်ပင်ဖြစ်ပါသည်။** လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို အများပြည်သူသိရှိစေရန် မလုပ်ဆောင်ပါက အသစ်ချမှတ်လိုက်သော အစီအမံများအား ပြည်သူလူထုအနေဖြင့် လိုက်နာနိုင်ရန် ခက်ခဲပါလိမ့်မည်။ ပွင့်လင်းမြင်သာမှုမရှိသည့်အတွက် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိတ်အနှောင့်အယှက်ဖြစ်ဖွယ်များ ကြုံတွေ့လာနိုင်ပါသည်။ မြို့အသီးသီးတို့တွင် ကပ်ရောဂါအခြေအနေ ပိုမိုဆိုးရွားလာပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ထောက်ပံ့ကူညီမှုများကို လိုအပ်လာမည်ဖြစ်သောကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ဆက်သွယ်ဆောင်ရွက်ရန်မှာလည်း အရေးကြီးပါသည်။ (ဘောင်ကွက် ၁၁ တွင်ရှု။)

### ဘောင်ကွက် ၁၁:
### တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ရှေ့လာမည့်လများတွင် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများအတွက် အရေးကြီးသည့်ရင်းမြစ်များဖြစ်လာပါမည်။ ယခုအချိန်အခါတွင် မြန်မာနိုင်ငံသည် မကြုံစဖူးအခြေအနေများကို ကြုံတွေ့နေရပြီး အချို့သောစည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း ရေတိုကာလတွင် မြို့ပြဝန်ဆောင်မှုများကို ဆက်လက်လည်ပတ်ရန်အတွက် လိုအပ်သော ရငွေများကို ရှာဖွေနိုင်ရန် ဖြစ်နိုင်ခြေနည်းပါးမည် ဖြစ်ပါသည်။ ယင်းအခြေအနေအောက်တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများက တိုက်ရိုက်ဘဏ္ဍာငွေထောက်ပံ့ပေးခြင်း သို့မဟုတ် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ ဘဏ္ဍာငွေထောက်ပံ့မှုများ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်းတို့ကို တောင်းဆိုနိုင်ပါသည်။

ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်လည်း လာမည့်ရက်သတ္တပတ်များအတွင်း စည်ပင်သာယာရေးအဖွဲ့များအပေါ် သက်ရောက်မှုရှိလာနိုင်မည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်လာနိုင်ပါသည်။ ဥပမာအားဖြင့် ပြည်ထောင်စုအစိုးရသည် လုပ်ငန်းလိုင်စင်ကြေးများကို သက်ညှာခွင့်ပေးရန် စည်ပင်သာယာရေးအဖွဲ့များသို့ ညွှန်ကြားခြင်း သို့မဟုတ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ စည်ပင်သာယာရေးအဖွဲ့များသို့ လက်ရှိထောက်ပံ့လျက်ရှိသည့် ရန်ပုံငွေအကန့်အသတ်များကို ဖြေလျှော့ခြင်းများပြုလုပ်နိုင်ပါသည်။

စည်ပင်သာယာရေးအဖွဲ့များအားလုံး ရင်ဆိုင်နေကြရသည့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များကို ဆွေးနွေးပြီးခဲ့ပြီးဖြစ်ရာ ယခုအခါ မြို့တစ်မြို့ (တောင်ကြီးမြို့)၏ မူဝါဒရေးရာရွေးချယ်အသုံးပြုနိုင်မှုကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။ အခန်း(၅)တွင် တင်ပြထားသည့် ဖြစ်ရပ်အခြေပြုဆန်းစစ်ချက်သည် မူဝါဒချမှတ်သူများအနေဖြင့် မူဝါဒအမျိုးမျိုးတို့၏ သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရာတွင် ကူညီပေးနိုင်မည်ဖြစ်ပါသည်။

## ၅။ ဖြစ်ရပ်အခြေပြု ဆန်းစစ်လေ့လာချက်

### ● ၅.၁။ ကွဲပြားသည့်မူဝါဒနှစ်ခု

**ယခုအခန်းတွင် တောင်ကြီးမြို့၏ စည်ပင်သာယာရေးကဏ္ဍာ ရငွေများအပေါ် ကိုဗစ်-၁၉ကပ်ရောဂါက မည်သို့ ရိုက်ခတ်သည်ကို မူဝါဒဖြစ်ရပ်နမူနာနှစ်ခုအပေါ်တွင် အခြေပြု၍ ဆန်းစစ်လေ့လာသွားမည်ဖြစ်သည်။** ယခုကဲ့သို့ ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာရသည့် ရည်ရွယ်ချက်မှာ တောင်ကြီးမြို့၏ စည်ပင်သာယာရေးကဏ္ဍာရငွေနှင့် စပ်လျဉ်း၍ ပြီးပြည့်စုံသည့် ခန့်မှန်းချက်တစ်ခု ထုတ်ပြန်ရန်မဟုတ်ဘဲ မတူကွဲပြားသောမူဝါဒများက မည်သည့်သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ကို ဆန်းစစ်သုံးသပ်မှုအပေါ်အခြေခံ၍ နားလည်ရန် ကြိုးစားခြင်းပင်ဖြစ်ပါသည်။

**ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်တွင် တောင်ကြီးမြို့ကို ထည့်သွင်းရခြင်းမှာ အချက်အလက်များ ကောက်ယူရရှိမှုအပေါ်တွင် မူတည်ပါသည်။** အလားတူ ဆန်းစစ်လေ့လာချက်မျိုးကို မည်သည့်မြို့နယ်တွင်မဆို စမ်းသပ်လုပ်ဆောင်နိုင်ပါသည်။ ယခုပြုလုပ်သည့် ဆန်းစစ်သုံးသပ်မှု၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ယူဆချက်အပြည့်အစုံတို့ကို ဤစာတမ်း၏ နောက်ဆက်တွဲ-၁ တွင်

ထည့်သွင်းထားပါသည်။ ထိုသို့ထည့်သွင်းထားခြင်းဖြင့် အခြားသောစည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း လိုက်လံစမ်းသပ်လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

**အချက်အလက်များလုံလောက်စွာမရရှိမှုနှင့် ကိုဗစ်-၁၉ကပ်ရောဂါကာလတွင် ဖြစ်ပေါ်လျက်ရှိသည့် မသေချာ၊ မရေရာမှုများက ရငွေဆိုင်ရာကဏ္ဍရှိ ပြောင်းလဲမှုများကို တိတိကျကျခန့်မှန်းရန် ခက်ခဲစေပါသည်။** အချက်အလက်များမရှိခြင်းက အသုံးပြုနေကျဖြစ်သော စာရင်းအင်းနည်းလမ်းများကို အသုံးပြုရန် ခက်ခဲစေပြီး၊ တသမတ်တည်းဖြစ်စေမည့် လမ်းကြောင်းကို ဖော်ထုတ်ရန်လည်း ခက်ခဲစေပါသည်။[၁၈] မကြုံစဖူးဖြစ်သော ကိုဗစ်-၁၉ကပ်ရောဂါ၏ ရောဂါသဘောသဘာဝသည် ရေရှည်သဘောဆောင်သော ရငွေလမ်းကြောင်းများကို ထိခိုက်စေမည် ဖြစ်ပါသည်။ အောက်တွင် တင်ပြထားသော ဆန်းစစ်သုံးသပ်မှုသည် အနာဂတ်တွင် မည်သည်တို့ ဖြစ်ပေါ်လာမည်ကို အခိုင်အမာခန့်မှန်းရန်မဟုတ်ဘဲ ဆွေးနွေးမှုများ ဖြစ်ပေါ်လာရန်သာ ရည်ရွယ်ပါသည်။ အောက်ဖော်ပြပါ ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်၌ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရငွေကဏ္ဍတွင် မည်သည်တို့ဖြစ်ပေါ်လာနိုင်သည်ကို မူဝါဒနှစ်ခုကို စမ်းသပ်အသုံးပြုကာ အကောင်းဆုံးခန့်မှန်းထားခြင်းဖြစ်ပါသည်။

အောက်တွင်ဖော်ပြထားသော ဆန်းစစ်သုံးသပ်ချက်သည် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရငွေကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်သည်တို့ကို ဖြစ်နိုင်ခြေရှိသော မူဝါဒဖြစ်ရပ် ၂ ခုအသုံးပြုကာ အကောင်းဆုံးမှန်းဆချက်ကို တည်ဆောက်ထားခြင်းဖြစ်ပါသည် -

**မူဝါဒဖြစ်ရပ်နမူနာ ၁:**
**၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ရငွေကောက်ခံမှုများကို ပုံမှန်ဆက်လက်ကောက်ခံခြင်း**

- မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များသည် အခွန်/အခများကို ဖြစ်နိုင်သမျှ ဆက်လက် ကောက်ခံမည်ဖြစ်သည်။
- အခွန်/အခများကို လုံခြုံမှုရှိစွာ ရနိုင်သမျှ များများ ကောက်ခံနိုင်ရန်အတွက် အခွန်ကောက်ခံသည့်နည်းလမ်းများကို အဆင့်မြှင့်တင်သွားရန်ဖြစ်သည်။

**မူဝါဒဖြစ်ရပ်နမူနာ ၂:**
**၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ရငွေကောက်ခံမှုများကို ဖြစ်နိုင်သမျှ ရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ပေးခြင်း**[၁၉]

- မြို့တော်စည်ပင်သာယာရေးကော်မတီများ/ စည်ပင်သာယာရေးအဖွဲ့များသည် ဒေသန္တရအဆင့်ရှိ အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန်အတွက် အခွန်/အခများကို ဖြစ်နိုင်သမျှရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ပေးခြင်း ဖြစ်သည်။ ဥပမာ - ပစ္စည်းခွန်၊ ဘီးခွန်၊ စီးပွားရေးလုပ်ငန်းလိုင်စင်ကြေးများ အားလုံးကို ရွှေ့ဆိုင်းပေးခြင်းဖြစ်ပါသည်။[၂၀]
- ရွှေ့ဆိုင်းပေးရန် လက်တွေ့မကျသည့် အခွန်/အခများကို ယခုနှစ်ကုန်အထိ ပယ်ဖျက်ပေးသည်။ ဥပမာ - ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သည့် ဒဏ်ကြေးများ။
- အခွန်အခများကောက်ခံသည့် စည်ပင်သာယာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန် တာဝန်ပေးနိုင်သည်။
- ရွှေ့ဆိုင်းပေးလိုက်ရသည့် ရငွေအစိတ်အပိုင်းများကို ၂၀၂၁ခုနှစ်တွင် တိုးတက်ရရှိမည့် ရငွေများဖြင့် ပြန်လည်ကာမိစေသည်။

**ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်တွင် အသုံးပြုထားသည့် မူဝါဒနမူနာဖြစ်ရပ်နှစ်ခုမှာ အစွန်းနှစ်ဖက်တွင်ရှိနေပါသည်။** ဖြစ်ရပ်(၁)တွင် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပြီး ရငွေများကို တတ်နိုင်သမျှ ကောက်ခံရယူရန် ကြိုးစားမည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည်များကို ဆန်းစစ်လေ့လာထားပါသည်။ ဖြစ်ရပ်(၂)တွင်မူ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အများပြည်သူ အကြပ်အတည်းကြုံနေရသည့်ကာလတွင် သက်ဆိုင်ရာ ရပ်ရွာအသိုက်အဝန်းများအား ထောက်ပံ့ကူညီနိုင်ရန်အတွက် ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းမည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည်များကို ဆန်းစစ်လေ့လာထားပါသည်။ အဆိုပါ မူဝါဒစမ်းသပ်အသုံးပြုမှုများကို ဆန်းစစ်လေ့လာခြင်းသည် မည်သည့်မူဝါဒကိုမျှ အသားပေးရွေးချယ်စေရန်မဟုတ်ဘဲ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် စဉ်းစားသုံးသပ်နိုင်ရန်သာ ရည်ရွယ်ပါသည်။ လက်တွေ့တွင် အကောင်းဆုံးမူဝါဒရွေးချယ်မှုမှာ အဆိုပါမူဝါဒနှစ်ခုအား ပေါင်းစပ်အသုံးပြုခြင်းလည်း ဖြစ်နိုင်ပါသည်။ အောက်တွင်တင်ပြထားသည့် ဖြစ်ရပ်လေ့လာချက်များကို အပိုင်း (၃) ပိုင်းခွဲ၍ (၅.၂) – ဖြစ်ရပ်နမူနာပုံစံ၊ (၅.၃) ဖြစ်ရပ်–၁ မှ ရလဒ်၊ (၅.၄) ဖြစ်ရပ်–၂ မှ ရလဒ်ဟူ၍ ဖော်ပြထားပါသည်။

## ၅.၂။ ဖြစ်ရပ်နမူနာပုံစံ

အထက်တွင်ဖော်ပြထားသည့် မူဝါဒနှစ်ခုပါဝင်သော ဖြစ်ရပ်များ၏ သက်ရောက်မှုကို လေ့လာနိုင်ရန်အတွက် ကိုဗစ်–၁၉ကပ်ရောဂါ၏ ရငွေရင်းမြစ်အမျိုးမျိုးတို့အပေါ် သက်ရောက်မှုများကို စနစ်တကျလေ့လာဆန်းစစ်ရာတွင် အသုံးပြုနိုင်မည့် ရိုးရှင်းသော ဖြစ်ရပ်တည်ဆောက်မှုပုံစံကို ဤစာတမ်းတွင် အသုံးပြုထားပါသည်။

### အဆင့် ၁ – ဖြစ်ရပ်နမူနာ ဒီဇိုင်းရေးဆွဲခြင်း

စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေရင်းမြစ်အသီးသီးတို့အပေါ်တွင် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်နိုင်ခြေများကို ဖော်ထုတ်လေ့လာရန်အတွက် ရိုးရှင်းသော ဖြစ်ရပ်နမူနာဒီဇိုင်းတစ်ခုကို မေးခွန်းသုံးခုအပေါ်တွင် အခြေခံကာ ရေးဆွဲခဲ့ပါသည်။ ထိုဒီဇိုင်းကို ပုံ–၁ တွင် ဖော်ပြထားပါသည်။ ထိုမေးခွန်းသုံးခုသည် ပြဿနာကို ရှင်းလင်းစွာ နားလည်ရန် ကူညီပေးပြီး၊ ရငွေရင်းမြစ်များအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုကို ခန့်မှန်းတွက်ချက်ရာတွင် အဓိကကျသည့် အချက်အလက်များကိုလည်း မီးမောင်းထိုးပြနေပါသည်။

### အဆင့် ၂ – ရငွေများအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရည်အသွေးစံပြုသုံးသပ်မှုများ ပြုလုပ်ပါ။

ဖြစ်ရပ်နမူနာဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစဉ်၏ ဒုတိယအဆင့်မှာ ပုံ–၁ တွင်ဖော်ပြထားသည့် မေးခွန်းသုံးခုကို ဖြေဆိုရန်ပင်ဖြစ်ပါသည်။ ယခုအဆင့်တွင် ရငွေရင်းမြစ်များအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရည်အသွေးစံပြု သုံးသပ်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာတစ်ခုအနေဖြင့် စီးပွားရေးလုပ်ငန်းလိုင်စင်မှ ရငွေများအပေါ်တွင် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရည်အသွေးစံပြု ဆန်းစစ်သုံးသပ်နိုင်ရန်အတွက် ဖြစ်ရပ်နမူနာပုံစံကို မည်သို့ အသုံးပြုနိုင်မည်ကို ပုံ–၂ တွင်ဖော်ပြထားပါသည်။ ထိုဖြစ်ရပ်ပုံစံကို မည်သည့်ရငွေရင်းမြစ်အတွက်မဆို အသုံးပြုနိုင်ပါသည်။

### အဆင့် ၃ – ရငွေများအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရေအတွက်စံပြုသုံးသပ်မှုများ ပြုလုပ်ပါ။[၂၁]

ယခုပြုလုပ်သော ဆန်းစစ်သုံးသပ်ချက်၏ သေချာမှုအနည်းဆုံးအပိုင်းမှာ အဆင့် ၃ ပင်ဖြစ်ပါသည်။ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ရငွေများအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို ခန့်မှန်းရန်အတွက် ကိုဗစ်–၁၉ကပ်ရောဂါက ရငွေရင်းမြစ်အမျိုးမျိုးတို့အပေါ် မည်သို့သက်ရောက်သည်ကို အရေအတွက်စံပြုသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းလိုင်စင်နှင့် ပတ်သက်သောကဏ္ဍတွင် –

**ဖြစ်ရပ် ၁ အရ၊** စည်ပင်သာယာရေးအဖွဲ့များက ရငွေများကို ပုံမှန်အတိုင်း ဆက်လက်ကောက်ခံသည့်အခါတွင် –

- ရငွေရရှိမှုသည် ၂၀၂၀ ခုနှစ် တွင် ၃၀ ရာခိုင်နှုန်းကျဆင်းသွားမည် ဖြစ်ပါသည်။
- ၂၀၁၉ ခုနှစ်တွင် ရရှိထားသည့် ရငွေ၏ ၇၆ ရာခိုင်နှုန်းနှင့် ၉၄ ရာခိုင်နှုန်းအကြားကို ၂၀၂၁ ခုနှစ် တွင် ပြန်လည်ရရှိမည် ဖြစ်ပါသည်။
- ၂၀၁၉ ခုနှစ်တွင် ရရှိထားသည့် ရငွေ၏ ၈၂ ရာခိုင်နှုန်းနှင့် ၁၀၀ ရာခိုင်နှုန်းအကြားကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရရှိမည်ဖြစ်ပါသည်။

**ဖြစ်ရပ် ၂ အရ၊** စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် လိုင်စင်ကြေးကောက်ခံမှုများကို တစ်နှစ်ခန့် ရွှေ့ဆိုင်းလိုက်မည်ဆိုပါက –


- ရငွေရရှိမှုသည် ၂၀၂၀ ခုနှစ်တွင် ၇၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားမည် ဖြစ်ပါသည်။
- ၂၀၁၉ ခုနှစ်တွင် ရရှိထားသည့် ရငွေ၏ ၇၂ ရာခိုင်နှုန်းနှင့် ၁၂၈ ရာခိုင်နှုန်းအကြားကို ၂၀၂၁ ခုနှစ်တွင် ပြန်လည်ရရှိမည် ဖြစ်ပါသည်။
- ၂၀၁၉ ခုနှစ်တွင် ရရှိထားသည့် ရငွေ၏ ၆၄ ရာခိုင်နှုန်း နှင့် ၁၀၀ ရာခိုင်နှုန်းအကြားကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရရှိမည် ဖြစ်ပါသည်။

ဖော်ပြပါယူဆချက်များ၏ ရလဒ်များကို ပုံ-၃ တွင်ဖော်ပြထားပါသည်။ ဖြစ်ရပ်များတွင် ပါရှိနေသည့် မသေချာမှုများကို ညှိနှိုင်း ပြင်ဆင်နိုင်ရန်အတွက် မူဝါဒဖြစ်ရပ်တစ်ခုချင်းစီရှိ "အကောင်းဆုံးရလဒ်" နှင့် "အဆိုးဆုံးရလဒ်"များကိုသာ တင်ပြထားပါသည်။ ထိုသို့ရွေးချယ်တင်ပြခြင်းအားဖြင့် အမှန်ကန်ဆုံးရလဒ်မှာ ဖော်ပြပါ ရလဒ်နှစ်ခုအကြားတွင် ရှိနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အဆင့် ၃ ဆင့်ပါဝင်သော နည်းလမ်းကို အသုံးပြုလျက် အခန်း (၅.၃) နှင့် (၅.၄)တို့တွင် တောင်ကြီးမြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ စုစုပေါင်းရငွေအပေါ်တွင် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို လေ့လာထားခြင်းဖြစ်ပါသည်။ ရငွေရင်းမြစ်တစ်ခုချင်းစီနှင့်သက်ဆိုင်သည့် ယူဆချက်အပြည့်အစုံကို ရှင်းပြချက်များနှင့်အတူ ယခုစာတမ်း၏ နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။


## အဆင့် ၁: မူဝါဒဖြစ်ရပ်နမူနာပုံစံ

ပုံ (၇): မူဝါဒဖြစ်ရပ်အခြေပြု ဆန်းစစ်လေ့လာမှုအတွက် နမူနာပုံစံ




**အဆင့် ၂:** ရငွေများအပေါ် ကိုဗစ်–၁၉၏ သက်ရောက်မှုများကို အရည်အသွေးစံပြုသုံးသပ်မှုများ ပြုလုပ်ပါ။

ပုံ (၈): ရငွေများအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရည်အသွေးစံပြု ရှုထောင့်မှ ဖော်ပြခြင်း





**အဆင့် ၃:** ရငွေများအပေါ် ကိုဗစ်–၁၉၏ သက်ရောက်မှုများကို အရည်အသွေးစံပြုသုံးသပ်မှုများ ပြုလုပ်ပါ။

ပုံ (၉): ရငွေများအပေါ် ကိုဗစ်–၁၉ကပ်ရောဂါ၏ သက်ရောက်မှုများကို အရည်အသွေးစံပြု ရှုထောင့်မှ ဖော်ပြခြင်း




ပုံ (၁၀) **မူဝါဒဖြစ်ရပ် ၁:** ရငွေရှာဖွေကောက်ခံမှုများကို ၂၀၂၀ ခုနှစ်အတွင်း ဖြစ်နိုင်သမျှ ဆက်လက်ကောက်ခံခြင်း





**အကောင်းဆုံးရလဒ်**ထွက်လာနိုင်သည့် အခြေအနေမှာပင် စည်ပင်သာယာရေးအဖွဲ့များ၏ရငွေများသည် ရေတိုကာလတွင် သိသိသာသာကျဆင်းသွားနိုင်ဖွယ်ရှိပါသည်။ အချို့သောရငွေများကို ၂၀၂၀ ခုနှစ်အတွင်း ကောက်ခံပြီးဖြစ်သော်လည်း စည်ပင်သာယာရေးအဖွဲ့များက ၎င်းတို့၏ ရငွေများအတွက် မှီခိုနေရသည့် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများသည်

ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကို ခံနေကြရပြီးဖြစ်ပါသည်။

ရငွေများကောက်ခံသည့်အခါ အခွန်ထမ်းပြည်သူများနှင့် ကောက်ခံသူများအတွက် ကိုဗစ်-၁၉ကပ်ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ ဘေးကင်းလုံခြုံမှုကို ကာကွယ်ပေးနိုင်သည်ဟု ယူဆပါက လိုင်စင်လေလံကြေး၊ ပစ္စည်းခွန်နှင့် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခကဲ့သို့သော ရငွေရင်းမြစ်များသည် ကိုဗစ်-၁၉၏ ရိုက်ခတ်မှုဒဏ်ကို ခံရနိုင်ဖွယ်နည်းပါးပါသည်။ သို့သော်လည်း ဒဏ်ငွေ/ဒဏ်ကြေးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ရငွေများ၊ ဆိုင်ခန်းငှားရမ်းခများနှင့် ဘီးခွန်များသည် အကောင်းဆုံးဖြစ်ရပ်အခြေအနေမှာပင် သိသိသာသာကျဆင်းသွားဖွယ်ရှိပါသည်။

**အဆိုးဆုံးရလဒ်**အခြေအနေတွင် ၂၀၂၀ခုနှစ်အတွင်း ရငွေများကို ဆက်လက်ရှာဖွေကောက်ခံခြင်းသည် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများအပေါ် ရေရှည်တွင် ထိခိုက်မှုများ ရှိလာမည်ဖြစ်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၂၀ ခုနှစ်အတွင်း ရငွေများ ဆက်လက်ရှာဖွေကောက်ခံနေခြင်းဖြင့် ဖိအားများကို ရင်ဆိုင်နေရပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အိမ်ထောင်စုများအပေါ် စီးပွားရေးအရ ဝန်ထုပ်ဝန်ပိုးကို ထပ်မံဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် ပိတ်သိမ်းသော စီးပွားရေးလုပ်ငန်းအရေအတွက် ပိုမိုများပြားလာနိုင်ပြီး၊ စည်ပင်သာယာရေးအဖွဲ့များအပေါ် ယုံကြည်မှုလည်း ပျောက်ဆုံးသွားနိုင်ပါသည်။ ထိုကဲ့သို့အခြေအနေမျိုးတွင် စည်ပင်သာယာရေးအဖွဲ့များ၏ရငွေများသည် ၂၀၂၂ ခုနှစ်ရောက်သည့်တိုင်အောင် ၂၀၁၉ ခုနှစ်အတွင်း ရရှိခဲ့သည့် ရငွေပမာဏအောက်သို့ သိသာစွာ ကျဆင်းသွားနိုင်ပါသေးသည်။

ပုံ (၁၁) **မူဝါဒဖြစ်ရပ် ၂:** ၂၀၂၀ ခုနှစ်အတွင်း ရငွေကောက်ခံမှုများကို ဖြစ်နိုင်သမျှရွှေ့ဆိုင်း/ပယ်ဖျက်ခြင်း




အခွန်၊ အခများကို ၂၀၂၀ ခုနှစ်အတွင်း ဖြစ်နိုင်သမျှရွှေ့ဆိုင်းပေးခြင်းသည် ရေတိုကာလတွင် ရငွေရရှိမှု လျော့နည်းသွားနိုင်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ရငွေများသည် ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ခြေရှိပါသည်။ သို့သော်လည်း **အကောင်းဆုံးရလဒ်**တစ်ခုအနေဖြင့် အခွန်၊ အခများကို ရွှေ့ဆိုင်းပေးခြင်းဖြင့် လူမှုအသိုက်အဝန်းများကို ရေတိုကာလတွင် အထောက်အကူပြုပေးနိုင်ပြီး၊ ကာလလတ်တွင် ရငွေများ လျင်မြန်စွာ ပြန်လည်ရရှိလာနိုင်ပါသည်။ ဒေသန္တရအဆင့်ရှိ ရပ်ရွာအသိုက်အဝန်းများကို အထောက်အကူပြုရန်အတွက် လက်ရှိအချိန်တွင် ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းပေးခြင်းကြောင့် စိန်ခေါ်မှုများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။ ယခုအချိန်တွင် ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းပေးလိုက်ပြီး အဆိုပါရငွေများကို စီးပွားရေး ကျဆင်းမှုကြောင့် ဖြစ်စေ၊ သို့မဟုတ် အများပြည်သူတို့၏ ယုံကြည်မှုကျဆင်းသွားသောကြောင့်ဖြစ်စေ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ပြန်လည်ရရှိရန် ရုန်းကန်ရမည်ဆိုပါက၂၀၁၉ ခုနှစ်က ရရှိခဲ့သော ရငွေပမာဏအောက် များစွာကျဆင်းသွားနိုင်မှုသည် နှစ်များစွာ ကြာမြင့်သွားနိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်လာပါက စည်ပင်သာယာရေးအဖွဲ့များအတွက် **အဆိုးဆုံးရလဒ်**ပင် ဖြစ်ပါသည်။ သို့သော်လည်း သတိပြုရမည့် အရေးကြီးအချက်တစ်ခုမှာ ယခုသုံးသပ်မှုသည် ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးရလဒ်များအားလုံးကို လွှမ်းခြုံနိုင်ခြင်းမရှိပါ။ ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်း

ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးရလဒ်များအနက် တစ်ခုမှာ ရငွေကောက်ခံမည့် ဝန်ထမ်းများအနေဖြင့် ကိုဗစ်–၁၉ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် အာရုံစိုက်လုပ်ဆောင်ရန် အချိန်ပိုမိုရရှိလာနိုင်ခြင်းပင်ဖြစ်သည်။

## ၅.၄။ ထပ်မံစဉ်းစားရမည့် အချက်များ

အခြားသော စီးပွားရေးပုံစံများကဲ့သို့ပင် အထက်တွင်ဖော်ပြခဲ့သည့် ဖြစ်ရပ်အခြေပြု ဆန်းစစ်လေ့လာချက်များကို ရှင်းလင်းလွယ်ကူစေရန် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ထိုဆန်းစစ်လေ့လာချက်များကို လေ့လာသုံးသပ်မှုအခြေပြုမူဝါဒ ချမှတ်ခြင်းဆောင်ရွက်ရန်အတွက် အသုံးပြုသည့် ကျယ်ပြန့်သော ရည်ညွှန်းလေ့လာချက်များ၏ အစိတ်အပိုင်းတစ်ခုအဖြစ်သာ အသုံးပြုသင့်ပါသည်။ ဥပမာဆိုရသော် မူဝါဒချမှတ်သူများ ထပ်မံထည့်သွင်းစဉ်းစားရမည့် အချက် ၄ ချက်ရှိပါသည် –

- **ကိုဗစ်–၁၉ကပ်ရောဂါသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ စီးပွားရေးကဏ္ဍအပေါ်တွင် ရိုက်ခတ်လျက်ရှိပါသည်။** စည်ပင်သာယာရေးအဖွဲ့များနှင့် မသက်ဆိုင်သည့် ကဏ္ဍအသီးသီးရှိ စီးပွားရေးပြောင်းလဲမှုများသည်လည်း စည်ပင်သာယာရေးရငွေကဏ္ဍအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ကုန်ကြမ်းပစ္စည်းကွင်းဆက်များ နှောင့်နှေးသွားသည်ဖြစ်ရာ ဝယ်လိုအားများ ကျဆင်းသွားပြီး စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်မှုပုံစံသည်လည်း ပြောင်းလဲသွားခြင်းကြောင့် အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းအများအပြားတို့သည် အဆိုပါရိုက်ခတ်မှုဒဏ်ကို ခံကြရပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် ဆန်းစစ်လေ့လာချက်တွင် ကိုဗစ်–၁၉ကပ်ရောဂါ၏ ရေတိုရိုက်ခတ်မှုများကိုသာ ထည့်သွင်းစဉ်းစားခဲ့ပါသည်။စည်ပင်သာယာရေးအဖွဲ့များ၏ ရေရှည်တွင် ရငွေပြန်လည်တိုးတက်ရရှိမှုလမ်းကြောင်းနှင့် စီးပွားရေးဝန်းကျင်တစ်ရပ်လုံးရှိ အပြောင်းအလဲများ၏ စည်ပင်သာယာရေးရငွေအပေါ် လွှမ်းမိုးမှုတို့ကို အသေးစိတ်ဆွေးနွေးထားခြင်း မရှိပါ။

- **ရငွေများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များသည် နိုင်ငံရေးအရ သက်ရောက်မှုများ ရှိပါသည်။** မူဝါဒချမှတ်သူများအတွက်မူ ထင်ရှားပြီးသော အချက်ကို ထပ်မံဖော်ပြရန် လိုမည်မထင်ပါ။ အထက်တွင် ဖော်ပြခဲ့သည့် စီးပွားရေးရှုထောင့်မှ ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်များသည် ကွဲပြားခြားနားပြီး ခက်ခဲသော မူဝါဒရေးရာဆုံးဖြတ်ချက်များ၏ နိုင်ငံရေးအရ ဖြစ်နိုင်ခြေရှိမှုကို ဆွေးနွေးထားခြင်း မရှိပါ။

- **ရငွေများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များသည် အသုံးစရိတ်များနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များနှင့် နီးကပ်စွာပင်ချိတ်ဆက်လျက်ရှိပါသည်။** အခြေခံအားဖြင့်ဆိုရပါမူ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေဆိုင်ရာ ဆုံးဖြတ်ချက်များသည် ၎င်းတို့၏ အသုံးစရိတ်ဆိုင်ရာအစီအစဉ်များနှင့် ချိတ်ဆက်မှုရှိရမည် ဖြစ်ပါသည်။ မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ အခြေခံအသုံးစရိတ်လိုအပ်ချက်များကို ကာမိရန်အတွက် လုံလောက်သည့် ရငွေများကို ရှာဖွေကောက်ခံရန် လိုအပ်မည်ဖြစ်ပါသည်။ (ဘောင်ကွက် ၁၂ တွင်ရှု။)

- **ရငွေကောက်ခံသည့် ဝန်ထမ်းများအား အခြားနေရာများတွင် ပြန်လည်တာဝန်ပေးခြင်း၏ အကျိုးကျေးဇူး။** အခွန်များနှင့် အခများ ကောက်ခံမှုကို ရွှေ့ဆိုင်းလိုက်မည်ဆိုပါက ရငွေကောက်ခံသည့် ဝန်ထမ်းများအား အရေးတကြီးလိုအပ်လျက်ရှိသော လုပ်ငန်းများတွင် ပြန်လည်တာဝန်ပေးနိုင်မည်ဖြစ်သည်။ ရငွေကောက်ခံသော ဝန်ထမ်းအတွက် အချိန်ပိုများ ထွက်လာခြင်း၏ အကျိုးကျေးဇူးကို ဖြစ်ရပ်အခြေပြုဆန်းစစ်လေ့လာချက်တွင် ဖော်ပြထားခြင်းမရှိပါ။

ဘောင်ကွက် ၁၂:
**အခွန်ရငွေသည် မည်မျှအထိ အရေးပါသနည်း**

အခန်း ၅.၃ တွင် ဖော်ပြထားသည့် မူဝါဒဖြစ်ရပ်နမူနာအခြေပြုဆန်းစစ်လေ့လာချက်များအရ အခွန်၊အခနှင့် ဒဏ်ငွေအမျိုးစုတို့ကို ရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ခြင်းများ ဆောင်ရွက်ပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရငွေသည် ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဖြစ်ပါသည်။ ထိုသို့ပမာဏများပြားစွာ ကျဆင်းသွားခြင်းသည် စည်ပင်သာယာရေးအဖွဲ့၏ မြို့ပြဝန်ဆောင်မှုပေးနိုင်ခြင်းအပေါ်တွင် များစွာသက်ရောက်မည် ဖြစ်ပါသည်။

ထိုသို့ ရငွေများသိသာစွာကျဆင်းသွားမှုကြောင့် ထိခိုက်မှုများ မည်မျှဖြစ်ပေါ်လာနိုင်မည်ကို နားလည်နိုင်ရန်အတွက် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းလျာထားချက်အပေါ်တွင် အခြေခံဆန်းစစ်လေ့လာထားပါသည်။ မိမိတို့၏ ခန့်မှန်းထားချက်များအရ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ၄၀ ရာခိုင်နှုန်းကို မရှိမဖြစ်စီမံကိန်းများ (ဥပမာ – ရေမြောင်းသန့်ရှင်းရေး ဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများဝယ်ယူခြင်း) အတွက် အသုံးပြုသည်ကို တွေ့ရပြီး ၆၀ ရာခိုင်နှုန်းကိုမူ အခြေခံအဆောက်အအုံစီမံကိန်းများ (ဥပမာ – လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း) အတွက် အသုံးပြုသည်ကို တွေ့ရပါသည်။ ကိုဗစ်–၁၉ကူးစက်ရောဂါပျံ့နှံ့နေစဉ်ကာလတွင် ထိုအခြေခံအဆောက်အအုံစီမံကိန်းများကို နောင်တစ်ချိန်တွင် ဆောင်ရွက်ရန် ရွှေ့ဆိုင်းထားနိုင်ပါသည်။ ဤသုံးသပ်ချက်အရ ဘတ်ဂျက်ကို အပြောင်းအလဲများ ပြုလုပ်ခြင်းဖြင့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် လိုအပ်ပါက ရေတိုကာလတွင် ရငွေကျဆင်းမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ်လိုအပ်ချက်ဆိုင်ရာ အသေးစိတ်ဆန်းစစ်သုံးသပ်မှုများကို ယခုတင်ပြထားသည့် ရငွေဆိုင်ရာ သုံးသပ်ချက်များနှင့် တစ်ပြိုင်တည်းပြုလုပ်ရန် အရေးကြီးပါသည်။ ဘတ်ဂျက်၏ ရငွေနှင့် အသုံးစရိတ်နှစ်ဖက်လုံးတွင် ခက်ခဲသော မူဝါဒဆုံးဖြတ်ချက်များ ချမှတ်ရမည် ဖြစ်ပါသည်။ လက်တွေ့တွင် မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသတွင်းအလုပ်အကိုင်များကို အထောက်အကူပြုရန်အတွက် အသုံးစရိတ်များ ပိုမိုသုံးစွဲရနိုင်ပါသည်။

## ● ၅.၅။ ရွေးချယ်အသုံးပြုနိုင်မည့် မူဝါဒများအား နှိုင်းယှဉ်ခြင်း

ယခုအခန်းတွင် ဆန်းစစ်သုံးသပ်ခဲ့သည့် ဖြစ်ရပ်များအရ ယနေ့အချိန်တွင် ရငွေများနှင့်စပ်လျဉ်းသည့် အဓိကကျသော ဆုံးဖြတ်ချက်များသည် စည်ပင်သာယာရေးအဖွဲ့များ၏ ရသုံးမှန်းခြေငွေစာရင်းအပေါ်တွင် ရေရှည်သက်ရောက်နိုင်မှုနှင့် မရှိမဖြစ်လိုအပ်သော မြို့ပြဝန်ဆောင်မှုများ ဆက်လက်လည်ပတ်နိုင်စွမ်းအပေါ်တွင် သက်ရောက်နိုင်မှုတို့ကို သိရှိနိုင်မည်ဖြစ်ပါသည်။

ရငွေကောက်ခံမှုများကို ဖြစ်နိုင်သမျှ ဆက်လက်ကောက်ခံခြင်းသည် ရေတိုကာလတွင် စည်ပင်သာယာရေးအဖွဲ့များ လိုအပ်လျက်ရှိသည့် ရငွေများကို ရရှိလာစေနိုင်ပါသည်။ ထိုသို့ရွေးချယ်ခြင်းသည် မရှိမဖြစ်လိုအပ်သည့် မြို့ပြဝန်ဆောင်မှုများ ဆက်လက်လည်ပတ်စေရန် အထောက်အကူပြုနိုင်မည် ဖြစ်သော်လည်း ဒေသတွင်း ရပ်ရွာအသိုက်အဝန်းအပေါ်တွင်မူ ဝန်ထုပ်ဝန်ပိုးများ ပိုလာစေနိုင်ကာ အခွန်၊ အခ ကောက်ခံသူများအနေဖြင့် လည်း ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့ရနိုင်ပါသည်။

အခြားရှုထောင့်တစ်ခုဖြစ်သည့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံရမည့် အခွန်/အခများကို ဖြစ်နိုင်သမျှ ရွှေ့ဆိုင်းပေး

ခြင်းကို ဆောင်ရွက်မည်ဆိုပါက အိမ်ထောင်စုများ၊ စီးပွားရေးလုပ်ငန်းများအတွက် အသက်ရှူချောင်စေမည်ဖြစ်ပါသည်။ ထို့ပြင် မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များအနေဖြင့်လည်း အခြားသော ဦးစားပေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အခွန်/အခများကောက်ခံမှု ရွှေ့ဆိုင်းပေးခြင်းဖြင့် မြို့နေလူထုနှင့် စည်ပင်သာယာရေးအဖွဲ့များအကြားရှိ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာနိုင်သည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်။

အကောင်းဆုံးမူဝါဒရေးရာ ရွေးချယ်မှုတစ်ခုမှာ အထက်ဖော်ပြပါ မူဝါဒဖြစ်ရပ်နှစ်ခုအား ပေါင်းစပ်အသုံးပြုခြင်းပင်ဖြစ်ပါသည်။ ထိုသို့ပေါင်းစပ်အသုံးပြုရာတွင် အခွန်/အခအချို့ကို ရွှေ့ဆိုင်းပေးကာ ဒေသတွင်း ရပ်ရွာအသိုက်အဝန်းများကို အထောက်အကူပြုပေးသည့် တစ်ချိန်တည်းမှာပင် ဘဏ္ဍာငွေရရှိမှုကို ထေမိစေရန်အတွက် အချို့သောကဏ္ဍများတွင် အခွန်/အခများကို ဆက်လက်ကောက်ခံခြင်းများ ဆောင်ရွက်နိုင်ပါသည်။

## ၆။ နိဂုံး

များမကြာမီလများအတွင်း စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့အနေဖြင့် ကိုဗစ်–၁၉ကပ်ရောဂါကို ရှေ့တန်းမှ ရင်ဆိုင်နေကြရသည်ကို သတိမူမိလာမည်ဖြစ်ပါသည်။ ယခုကဲ့သို့ ခက်ခဲသောအချိန်ကာလများအတွင်း ဒေသတွင်း ရပ်ရွာအသိုက်အဝန်းများကို အထောက်အကူပြုနိုင်ရန်နှင့် မြို့ပြဝန်ဆောင်မှုများ ဆက်လက်လည်ပတ်နေစေရေးတို့အတွက် စည်ပင်သာယာရေးအဖွဲ့များတွင် လုံလောက်သည့် ရငွေများ ရရှိနေရန် အရေးကြီးပါသည်။ ဒေသတွင်း ရငွေမူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ခက်ခက်ခဲခဲ ရွေးချယ်ရခြင်းများကို ဤစာတမ်းငယ်တွင်  ဆန်းစစ်လေ့လာထားခြင်းဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ယခုကဲ့သို့ ကပ်ရောဂါကျရောက်နေစဉ်ကာလအတွင်း ရငွေများကို ဆက်လက်ကောက်ခံရန် ဆုံးဖြတ်ခြင်း သို့မဟုတ် ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းပေးရန် ဆုံးဖြတ်ခြင်းများကို မြန်ဆန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ယခုစာတမ်းငယ်တွင် တင်ပြထားသည့် မူဝါဒဖြစ်ရပ်အခြေပြု ဆန်းစစ်သုံးသပ်မှုများသည် ကိုဗစ်–၁၉ကပ်ရောဂါက ရငွေရင်းမြစ်အမျိုးမျိုးတို့အပေါ် ရိုက်ခတ်နိုင်မှုများနှင့် ထိုရိုက်ခတ်မှုများဒဏ်မှ ပြန်လည်နာလန်ထူလာနိုင်သည့် အလားအလာများစသော စီးပွားရေးအချက်အလက်များကို ဆန်းစစ်လေ့လာထားခြင်းဖြစ်ပါသည်။ ယခုစာတမ်းငယ်တွင် တင်ပြထားသည့် ဆန်းစစ်သုံးသပ်ချက်တွင် ထပ်မံဖြည့်စွက်စဉ်းစားရမည့်အချက်များဖြစ်သည့် နိုင်ငံတစ်ဝှမ်း မေခရိုစီးပွားရေးအခြေအနေ၊ တိုင်းတာရန် ခက်ခဲသော်လည်း မူဝါဒချမှတ်သူများအတွက် အရေးပါသော နိုင်ငံရေးအရ သက်ရောက်မှု စသည်တို့ကို ထည့်သွင်းဖော်ပြထားပါသည်။

ဤဆန်းစစ်လေ့လာချက်ပေါ်တွင် အခြေခံစဉ်းစားမည်ဆိုလျှင် စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးအခြေအနေမှ ခွင့်ပြုပေးပါက အချို့သော ရငွေကောက်ခံမှုများကို ရေတိုကာလတွင် ရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ပေးခြင်းတို့ ဆောင်ရွက်နိုင်သည့် ခိုင်မာသော အထောက်အထားများကို တွေ့ရှိရပါသည်။ အချို့သော ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းခြင်း/ပယ်ဖျက်ပေးခြင်းများ ပြုလုပ်ပေးပါက အိမ်ထောင်စုများနှင့်စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့်လည်း ကိုဗစ်–၁၉ကပ်ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ အကြံပြုထားသော်လည်း ယခုဆန်းစစ်သုံးသပ်ချက်ကို ထောက်ပံ့ပေးနိုင်မည့် ဒေသဆိုင်ရာမြေပြင်အခြေအနေများကို မြို့တော်စည်ပင်သာယာရေးကော်မတီများ/စည်ပင်သာယာရေးအဖွဲ့များကသာလျှင် သိရှိနိုင်မည်ဖြစ်ပြီး၊ ထိုမှတဆင့် လေ့လာသုံးသပ်မှုအခြေပြုမူဝါဒချမှတ်ခြင်းများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

# ၇။ ကိုးကား


**The Asia Foundation. (2020)** "Myanmar Business Environment Index (MBEI) COVID–19 Impact on Businesses: A Survey" . TheAsiaFoundation.org

**OECD. (2020).** "Tax Administration Responses to COVID–19: Business continuity considerations". April. https://read.oecd–ilibrary.org/view/?ref=128_128290–cy6mbvet5x&title=Tax–administration–responses–to–covid–19–business–continuity–considerations

**Shah, A. (2007).** "Local Budgeting Handbook". World Bank Publication.

**World Bank. 2020.** "East Asia and Pacific in the Time of COVID–19" East Asia and Pacific Economic Update (April), World Bank, Washington, DC. Doi: 10.1596/978–1–4648–1565–2. License: Creative Commons Attribution CC BY 3.0 IGO

## နောက်ဆက်တွဲ ၁ – မူဝါဒဖြစ်ရပ်အခြေပြု ဆန်းစစ်သုံးသပ်ချက်ပုံစံ အပြည့်အစုံ

အခန်း ၅ တွင်ဖော်ပြခဲ့သော စည်ပင်သာယာရေးရငွေကဏ္ဍကို ခန့်မှန်းသည့် နမူနာပုံစံသည် မေးခွန်း ၃ ခုပေါ်တွင် အခြေခံခဲ့ပါသည်။ မူဝါဒဖြစ်ရပ်နမူနာပုံစံကို ရှင်းလင်းစွာ နားလည်နိုင်ရန် အတွက် မေးခွန်းတစ်ခုချင်းစီအတွက် ဖြစ်နိုင်ခြေရှိသော အဖြေများကို ဖော်ပြထားပါသည်။

| ဇယား ၁ – အဓိက မေးခွန်း ၅ ခု | | |
|---|---|---|
| **မေးခွန်း** | **ဖြစ်နိုင်ခြေရှိသော အဖြေ** | **ရှင်းပြချက်** |
| စည်ပင်သာယာရေး ရငွေရင်းမြစ်တစ်ခုချင်းစီသည် ရေတိုကာလတွင် ကိုဗစ်–၁၉ကပ်ရောဂါ ကြောင့် မည်သို့ ရိုက်ခတ်ခံရနိုင်ပါသနည်း။ | သေးငယ်သော သက်ရောက်မှု | ရငွေ ၁၀ ရာခိုင်နှုန်းကျဆင်း |
| | အလယ်အလတ် သက်ရောက်မှု | ရငွေ ၃၀ ရာခိုင်နှုန်းကျဆင်း |
| | ကြီးမားသော သက်ရောက်မှု | ရငွေ ၅၀ ရာခိုင်နှုန်းကျဆင်း |
| | ပယ်ဖျက်/ရွှေ့ဆိုင်း | ရငွေ ၇၀ ရာခိုင်နှုန်းကျဆင်း (ယခုနှစ်အတွက် အချို့သော ရငွေများကို ကောက်ခံပြီး ဖြစ်သည်။) |
| ကိုဗစ်–၁၉ကပ်ရောဂါ၏ ကနဦး ရိုက်ခတ်မှုများ ပြီးဆုံး သည့်နောက်တွင် စည်ပင်သာယာရေး ရငွေ ရင်းမြစ် တစ်ခုချင်းစီသည် မည်သို့ ပြန်လည် နာလန် ထူလာနိုင်ပါမည်နည်း။ | နှေးကွေးစွာ ဖြစ်ပေါ်နိုင်ပါသည်။ | ၂၀၂၀ ခုနှစ်ကနဦးကာလအတွင်း ကျဆင်းခဲ့သော ရငွေ၏ ၄၀ ရာခိုင်နှုန်း ကိုသာ ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရရှိနိုင်သည်။ |
| | အလယ်အလတ် နှုန်းဖြင့် ဖြစ်ပေါ် နိုင်ပါသည်။ | ၂၀၂၀ ခုနှစ်ကနဦးကာလအတွင်း ကျဆင်းခဲ့သော ရငွေ၏ ၆၀ ရာခိုင်နှုန်း ကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရရှိနိုင်သည်။ |
| | မြန်ဆန်စွာ ဖြစ်ပေါ်နိုင်ပါသည်။ | ၂၀၂၀ ခုနှစ်ကနဦးကာလအတွင်း ကျဆင်းခဲ့သော ရငွေ၏ ၁၀၀ ရာခိုင်နှုန်းကို ၂၀၂၂ ခုနှစ်တွင် ပြန်လည်ရရှိနိုင်သည်။ |
| | မဖြစ်ပေါ်နိုင်ပါ။ | ၂၀၂၀ ခုနှစ်ကနဦးကာလအတွင်း ကျဆင်းခဲ့သော ရငွေကို ၂၀၂၂ခုနှစ်တွင် ပြန်လည် မရရှိနိုင်ပါ။ |
| အချို့သော ရငွေကောက်ခံမှုများကို ၂၀၂၁ ခုနှစ် အထိ ရွှေ့ဆိုင်းထားမည် ဆိုပါက ရငွေ မည်မျှ ပြန်လည်ရရှိနိုင်ပါမည်နည်း။ | အကန့်အသတ်ဖြင့်သာ ရနိုင်ပါသည်။ | ရွှေ့ဆိုင်းလိုက်သော ရငွေကောက်ခံမှုများ၏ ၂၀ ရာခိုင်နှုန်းကိုသာ လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ရရှိနိုင်ပါမည်။ |
| | အလယ်အလတ်ပမာဏဖြင့်သာ ရနိုင်ပါသည်။ | ရွှေ့ဆိုင်းလိုက်သော ရငွေကောက်ခံမှုများ၏ ၄၀ ရာခိုင်နှုန်းကိုသာ လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ရရှိနိုင်ပါမည်။ |
| | အောင်မြင်စွာ ပြန်လည်ရရှိနိုင်ပါသည်။ | ရွှေ့ဆိုင်းလိုက်သော ရငွေကောက်ခံမှုများ၏ ၉၀ ရာခိုင်နှုန်းကိုသာ လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ရရှိနိုင်ပါမည်။ |
| | မရရှိနိုင်ပါ။ | ရွှေ့ဆိုင်းလိုက်သော ရငွေကောက်ခံမှုများကို လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည် ကောက်ခံနိုင်မည်မဟုတ်ပါ။ |

ဇယားကွက် ၁ ကို အသုံးပြုကာ မူဝါဒဖြစ်ရပ်နမူနာပုံစံပါ မေးခွန်း ၃ ခုကို ဖြေဆိုနိုင်ရန် နှင့် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အတွက် မူဝါဒဖြစ်ရပ်အခြေပြု ဆန်းစစ်သုံးသပ်မှု ပြုလုပ်နိုင်ရန်တို့ အတွက် Renaissance Institute သည် အခန်း ၃ ပါ သုံးသပ်ချက်များ နှင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အောက်ရှိ အခွန်ဌာနအား မေးမြန်းထားမှုများကို

အသုံးပြုခဲ့ပါသည်။ ဇယားကွက် ၂ သည် အခန်း (၅.၃)တွင် ဖော်ပြထားသည့် ဇယားချပ်ကို ဆန်းစစ်ထားသည့် အချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။ ဇယားကွက် ၃သည် အခန်း (၅.၄) တွင် ဖော်ပြထားသည့် ဇယားချပ်ကို ဆန်းစစ်ထားသည့် အချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။

ဇယားကွက် ၂ – အခွန်/အခကောက်ခံမှုများကို ဖြစ်နိုင်သမျှ ဆက်လက်ကောက်ခံခြင်း

| ရငွေ ရင်းမြစ် | အကောင်းဆုံးဖြစ်ရပ် ရလဒ် | | အဆိုးဆုံးဖြစ်ရပ် ရလဒ် | | ရှင်းပြချက် |
|---|---|---|---|---|---|
| | ကနဦး ကျဆင်းမှု (မေးခွန်း ၁) | ပြန်လည် ရရှိမှု ( မေးခွန်း ၂ ) | ကနဦး ကျဆင်းမှု (မေးခွန်း ၁) | ပြန်လည် ရရှိမှု (မေးခွန်း ၂) | |
| ပစ္စည်းခွန် | သေးငယ် | မြန်ဆန် | များပြား | အလယ် အလတ် | တောင်ကြီးရှိ ပစ္စည်းခွန်မှရငွေအများစုသည် အိမ်ထောင်စုတစ်ခုချင်းစီမှ ပေးဆောင် သော ပမာဏနည်းပါးသည့် ပေးဆောင်မှုများကို စုပေါင်းထားခြင်း ဖြစ်ပါသည်။ အကောင်းဆုံးဖြစ်ရပ် ရလဒ်တွင် အခွန်ကောက်ခံရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး အိမ်ထောင်စုများအနေဖြင့်လည်း ပုံမှန်ဆက်လက် ပေးဆောင်နေ မည်ဟု ယူဆရပါသည်။ အကောင်းဆုံးဖြစ်ရပ်ရှုထောင့်မှ စဉ်းစားလျှင်ပင် အချို့သော အိမ်ထောင်စုများသည် ကိုဗစ်–၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုကို အပြင်းထန်ဆုံး ခံစားကြ ရသည်ဖြစ်ရာ ပစ္စည်းခွန်ကို ပေးဆောင်နိုင်မှုမရှိခြင်း၊ သို့မဟုတ် မပေးဆောင်လိုခြင်း များကြောင့် ရငွေ ကျဆင်းမှုဖြစ်ပေါ်နိုင်ပါသည်။ အဆိုးဆုံးဖြစ်ရပ် တွင်မူ အခွန်ကောက်ခံရာတွင် လက်တွေ့ စိန်ခေါ်မှုများပြားပြီး အိမ်ထောင်စုအများ အပြားကလည်း အခွန်ပေးဆောင်လိုခြင်း မရှိသည့် အခြေအနေမျိုး ကို ကြုံတွေ့ရနိုင် ပါသည်။ ယင်းအခြေအနေတွင် ပို၍နှေးကွေးသော ပြန်လည်နာလန်ထူမှုမျိုးကိုသာ ကြုံရနိုင်ပါသည်။ |
| ဘီးခွန် | များပြား | မြန်ဆန် | များပြား | အလယ် အလတ် | အကောင်းဆုံးဖြစ်ရပ် အခြေအနေမျိုးတွင်မှာပင် ဘီးခွန်ကောက်ခံရန် ခက်ခဲနိုင်ပါ သည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ယခုစာတမ်းရေးနေသည့် အချိန်တွင် ပိတ်ထားသကဲ့သို့ မိမိတို့ ယာဉ်ကို သုံးစွဲနိုင်ခြင်းမရှိသည့် အခြေအနေမျိုး တွင် အိမ်ထောင်စုများအနေဖြင့်လည်း ဘီးခွန်ပေးဆောင်လိုမည် မဟုတ်ပါ။ အကောင်းဆုံးဖြစ်ရပ်အခြေအနေတွင် ရငွေကျဆင်းမှုသည် များပြားနိုင်ပြီး ပြန်လည် ရရှိရာတွင်လည်း မြန်ဆန်နိုင်သည်ဟု ခန့်မှန်းပါသည်။ အဆိုးဆုံးဖြစ်ရပ် အခြေအနေတွင် ပြန်လည်ရရှိရန် ခက်ခဲမည်ဟု  မှန်းဆပါသည်။ |
| အဆောက် အအုံစစ် ဆေးခ | အလယ် အလတ် | မြန်ဆန် | များပြား | အလယ် အလတ် | ရေတိုကာလတွင် အချို့သော အဆောက်အအုံ စစ်ဆေးမှုများကို ဆက်လက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ လိုအပ်သော လုံခြုံရေးဆိုင်ရာ အစီအမံများ ချမှတ်ရသည့်အခါတွင် အဆောက်အအုံစစ်ဆေးမှုများလျော့နည်းလာပြီး ရငွေများလည်း ကျဆင်းလာနိုင်ပါသည်။ စစ်ဆေးရမည့် အဆောက်အအုံ အရေအတွက်သည်လည်း လျော့နည်းလာနိုင်ပါသည်။ အကောင်းဆုံးဖြစ်ရပ် အခြေအနေတွင် အဆောက်အအုံစစ်ဆေးမှုမှ ရငွေများ ပြန်လည်ရရှိမှုသည် မြန်ဆန်နိုင်ပါသည်။ နှေးကွေးနေသော စီးပွားအရေးအခြေအနေသည် ထိန်းချုပ်ရေး အစီအမံများ ချမှတ်ခံထားရသည့် ကာလတွင် ရပ်နားထားရသည့် စီးပွားရေးလုပ်ငန်း များ၏ အရှိန်အဟုန်ဖြင့် ပြန်လည်လှုပ်နှိုးခြင်းခံရသည့်အခါ အဆောက်အအုံ စစ်ဆေးမှုများကိုလည်း အရှိန်အဟုန်ဖြင့် ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုးဆုံးဖြစ်ရပ်အခြေအနေတွင် အဆောက်အအုံများ စစ်ဆေးခြင်းကို အလုံးအရင်းဖြင့် ရပ်နားထားရပြီး၊ စီးပွားရေးနှေးကွေးသွားမှုကြောင့် စစ်ဆေးခများကို မြန်ဆန်စွာ ပြန်လည်ရရှိရန် ခက်ခဲမည်ဖြစ်ပါသည်။ |
| ငှားရမ်းခ များ | အလယ် အလတ် | အလယ် အလတ် | များပြား | နှေးကွေး | အကောင်းဆုံးဖြစ်ရပ် အခြေအနေမှာပင် ငှားရမ်းခများကို မြန်ဆန်စွာ ပြန်လည်မရရှိ နိုင်ပါ။ လက်တွေ့ကျကျဆိုရပါမူ ယင်းကဏ္ဍမှ ရငွေများသည် ကာလလတ်တွင် လျော့ကျသွားမည်ဖြစ်ပြီး စီးပွားရေးပြန်လည်ဦးမော့လာသည့်အခါတွင်လည်း အလယ်အလတ်နှုန်းဖြင့်သာ ပြန်လည်ရရှိနိုင်ပါသည်။ |

| | | | | | |
|---|---|---|---|---|---|
| စီးပွားဖြစ် ငှားရမ်းသော ကြော်ငြာ | နည်းပါး | မြန်ဆန် | အလယ်အလတ် | အလယ်အလတ် | ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများမှ ရရှိသော ရငွေ၏ ပမာဏ အများအပြားကို စီးပွားရေးလုပ်ငန်းကြီးများထံမှ ရရှိသည်ကို အကြောင်းပြု၍ ကာလလတ်တွင် ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများကို မြန်ဆန်စွာ ပြန်လည်ရရှိနိုင်ပါသည်။ ငှားရမ်းခများ ပေးဆောင်ရာတွင်လည်း (၁) ပေးဆောင်သူအရေအတွက် နည်းပါးခြင်း (၂) ကပ်ရောဂါကာလတွင် ဆက်လက်ကြော်ငြာထားခြင်း တို့ကြောင့် ပေးဆောင်ရန် လည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့သော်လည်း အဆိုးဆုံးဖြစ်ရပ် အခြေအနေတွင် ကြော်ငြာကုမ္ပဏီများသည် ပေးဆောင်လိုမှုမရှိခြင်း သို့မဟုတ် ကာလလတ်တွင် ပေးဆောင်နိုင်မှုမရှိခြင်း နှင့် ကြော်ငြာများကို ဒီဂျစ်တယ်စနစ်သို့ ပြောင်းလဲအသုံးပြု ခြင်းတို့ကြောင့် ဆိုင်းဘုတ်ငှားရမ်းခမှ ရငွေများ ကျဆင်းသွားနိုင်ပါသည်။ |
| စီးပွားရေး လုပ်ငန်း လိုင်စင် များ | အလယ်အလတ် | မြန်ဆန် | အလယ်အလတ် | မြန်ဆန် | ငှားရမ်းခများကဲ့သို့ပင် စီးပွားရေးလုပ်ငန်းလိုင်စင်မှ ရငွေများသည်လည်း များစွာ ထိခိုက်နိုင်ဖွယ်ရှိပါသည်။ စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းရခြင်း သို့မဟုတ် အစိုးရ၏ ညွှန်ကြားချက်များကြောင့် ပိတ်သိမ်းထားရသော ကာလများအတွက် လိုင်စင်ကြေး မပေးဆောင်လိုခြင်းများ ရှိလာနိုင်ပါသည်။ နိုင်ငံအချို့တွင် ကိုဗစ်-၁၉ကပ်ရောဂါ ကြောင့် ဆိုးရွားစွာ ထိခိုက်ခံရသော စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ် များကို ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ အကောင်းဆုံးဖြစ်ရပ် အခြေ အနေမှာ ကာလလတ်တွင် ယင်းကဏ္ဍမှ ရငွေများ ကျဆင်းသွားပြီး ပြန်လည်နာလန် ထူရာတွင်လည်း မြန်ဆန်မည့် အခြေအနေပင်ဖြစ်ပါသည်။ |
| သား သတ် ရုံ လိုင်စင် ရငွေ | နည်းပါး | မြန်ဆန် | အလယ်အလတ် | မြန်ဆန် | အကောင်းဆုံးဖြစ်ရပ် အခြေအနေတွင် သားသတ်ရုံလိုင်စင်မှ ရငွေများသည် ကိုဗစ်-၁၉ကပ်ရောဂါ၏ ရိုက်ခတ်မှုကို မခံရခြင်းပင် ဖြစ်သည်။ သားသတ်ရုံလိုင်စင်လေလံ ဆွဲခြင်းကို လုံခြုံရေးအစီအမံများအောက်တွင် ဆောင်ရွက်နိုင်ပြီး အသားဝယ်လိုအား လည်း ကျဆင်းမှုမရှိလျှင် ယင်းကဏ္ဍမှ ရငွေသည် ဆက်လက်များပြား နေမည်ဖြစ်ပါသည်။ အဆိုးဆုံးအခြေအနေတွင် အသားဝယ်လိုအားကျဆင်းသွားပြီး အသားထုတ်လုပ်သော လုပ်ငန်းများက လိုင်စင်ရယူမှု နည်းပါးသွားခြင်းပင် ဖြစ်ပါသည်။ |
| ပြည်တွင်း အခွန်များ ဦးစီးဌာန မှ ဝေမျှ သော ရငွေ | ပယ်ဖျက်/ ရွှေ့ဆိုင်း | နှေးကွေး | ပယ်ဖျက် / ရွှေ့ဆိုင်း | မရှိ | ပြည်ထောင်စုအစိုးရသည် ကိုဗစ်-၁၉ကပ်ရောဂါ ကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိန်းချုပ်ကာကွယ်လျက်ရှိသည့်အတွက် ဘဏ္ဍာငွေများ လိုအပ်နေမည်ဖြစ်ပါသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ၂၀၂၀ ခုနှစ်အတွင်း ပြည်ထောင်စု အစိုးရထံမှ လွှဲပြောင်းထောက်ပံ့ငွေများကို ရရှိနိုင်ဖွယ် မရှိပါ။ |
| ဒဏ် ကြေး၊ ဒဏ်ငွေ များ | ပယ်ဖျက်/ ရွှေ့ဆိုင်း | မြန်ဆန် | ပယ်ဖျက် / ရွှေ့ဆိုင်း | အလယ်အလတ် | အချို့သော စည်ပင်သာယာရေးအဖွဲ့များသည် ဒဏ်ကြေး/ဒဏ်ငွေများကို ပယ်ဖျက်ပေးပြီး ဖြစ်ပါသည်။ အကောင်းဆုံး ဖြစ်ရပ်တွင် လာမည့်နှစ်အတွင်း မြို့များသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိပြီး၊ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးဖြစ်ပါသည်။ အဆိုးဆုံးဖြစ်ရပ် အခြေအနေတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ပါသည်။ |
| အခြား သော ရငွေများ အားလုံး | များပြား | မြန်ဆန် | အလယ်အလတ် | အလယ်အလတ် | အခြားသော ရငွေများအနက်မှ အများစုမှာ မြေရောင်းချခြင်းကဲ့သို့သော အလျဉ်းသင့်သလို ရရှိသည့် ရငွေများဖြစ်သည်။ အဆိုပါ လုပ်ငန်းများမှာ ရေတိုကာလတွင် ရပ်တန့်သွားနိုင်ဖွယ်ရှိသည်။ သို့သော် အကောင်းဆုံးဖြစ်ရပ်အခြေ အနေတွင် မူလအခြေအနေသို့ မြန်ဆန်စွာ ပြန်လည်ရောက်ရှိနိုင်သည်။ |

ဇယားကွက် ၃ – ကောက်ခံမှုများကို ဖြစ်နိုင်သမျှ ရွှေ့ဆိုင်း/ပယ်ဖျက်ခြင်း

| ရငွေ ရင်းမြစ် | အကောင်းဆုံးဖြစ်ရပ် ရလဒ် | | | အဆိုးဆုံးဖြစ်ရပ် ရလဒ် | | | ရှင်းပြချက် |
|---|---|---|---|---|---|---|---|
| | ကနဦး ကျဆင်းမှု (မေးခွန်း ၁) | ပြန်လည် ရရှိမှု ( မေးခွန်း ၂) | ပြန်လည် ကာမိခြင်း (မေးခွန်း ၃) | ကနဦး ကျ ဆင်းမှု (မေးခွန်း ၁) | ပြန်လည် ရရှိမှု (မေးခွန်း၂) | ပြန်လည် ကာမိခြင်း (မေးခွန်း၃ ) | |
| ပစ္စည်းခွန် | ပယ်ဖျက်/ ရွှေ့ဆိုင်း | မြန်ဆန် | အောင်မြင် | ပယ်ဖျက်/ ရွှေ့ဆိုင်း | အလယ် အလတ် | အလယ် အလတ် | ပစ္စည်းခွန်ပေးဆောင်ရသည့် ပမာဏမှာ နည်းပါးပါသည်။ ထို့ကြောင့် ပေးဆောင်ရသူများသည် နှစ်ဆ ပေးဆောင်နိုင်စွမ်း ရှိနိုင်ပါသည်။ ပစ္စည်းခွန်များကို နောင်ကာလတစ်ခုတွင်မှ ပေးဆောင်စေခြင်းမှာ ဆောင်ရွက်သင့်သော နည်းလမ်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပစ္စည်းခွန်များသည် အဓိကကျသည့် မြို့ပြဝန်ဆောင်မှုများ နှင့် ချိတ်ဆက်ထားသည် ဖြစ်ရာ ထိုဝန်ဆောင်မှုများကို အများပြည်သူများက ကပ်ရောဂါကာလတွင် လည်း အသုံးပြုနေကြသောကြောင့်ဖြစ်ပါသည်။ |
| ဘီးခွန် | ပယ်ဖျက်/ ရွှေ့ဆိုင်း | မြန်ဆန် | အလယ် အလတ် | ပယ်ဖျက်/ ရွှေ့ဆိုင်း | အလယ် အလတ် | မရှိ | ဘီးခွန်ပေးဆောင်ရသည့် ပမာဏမှာ နည်းပါးပါသည်။ ထို့ကြောင့် မြို့အများစုတွင် ပေးဆောင်ရသူများသည် နှစ်ဆ ပေးဆောင်နိုင်စွမ်းရှိပါသည်။ သို့သော်လည်း ယခုကာလတွင် ယာဉ်များကို အသုံးမပြုရသည့်အတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် နှစ်ဆပေးဆောင်ရခြင်းကို မလိုလားနိုင်ပါ။ လက်တွေ့တွင်မူ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဘီးခွန်များကို ၂၀၂၀ ခုနှစ်အတွင်း ရွှေ့ဆိုင်းလိုက်ပါက ၂၀၂၁ ခုနှစ်တွင် ထိုရွှေ့ဆိုင်းလိုက်သော ပမာဏ၏ ၂၀ မှ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ရရှိနိုင်ပါသည်။ |
| အဆောက် အအုံ စစ်ဆေးခ | အလယ် အလတ | မြန်ဆန် | မရှိ | အလယ် အလတ် | အလယ် အလတ် | မရှိ | တွေ့ရှိရသော အထောက်အထားများအရ အဆောက်အအုံစစ်ဆေးခြင်းများကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါ အဆောက်အအုံစစ်ဆေးခများသည် စည်ပင်သာယာရေးအဖွဲ့များအတွက် သိသာသော ဝင်ငွေရင်းမြစ်ဖြစ်ပါသည်။ အဆောက်အအုံစစ်ဆေးမှု များကို လုံခြုံမှုရှိစွာဖြင့် ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်မည်ဆိုပါက အခြားသော ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းရသည့် ကာလတွင် ဘဏ္ဍာငွေကို ဆက်လက်ရှာဖွေနိုင်မည် ဖြစ်ပါသည်။ |
| ငှားရမ်းခ များ | ပယ်ဖျက်/ ရွှေ့ဆိုင်း | အလယ် အလတ် | အကန့် အသတ် ဖြင့် | ပယ်ဖျက်/ ရွှေ့ဆိုင်း | အလယ် အလတ် | မရှိ | အကောင်းဆုံးဖြစ်ရပ် အခြေအနေမှာပင် ငှားရမ်းခများကို မြန်မြန်ဆန်ဆန်ပြန်လည်ရရှိ နိုင်ဖွယ်မရှိပါ။ ကပ်ရောဂါပြီးဆုံးသွားသည့်တိုင် စီးပွားရေးလုပ်ငန်းများထံမှ ငှားရမ်းခများကို နှစ်ဆ ကောက်ယူရန်မှာ လက်တွေ့တွင် ခက်ခဲမည်ဖြစ်ပါသည်။ အကောင်းဆုံးဖြစ်ရပ်အခြေအနေမှာ ဆက်လက်ဖွင့်လှစ်ထား သော စီးပွားရေးလုပ်ငန်းကြီးများ (စားသောက်ကုန်ရောင်းချသောစတိုးဆိုင်များ စသည်ဖြင့်)ထံမှ ငှားရမ်းခများကို ပြန်လည်ရရှိနိုင်ခြင်းပင် ဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း ရငွေကောက်ခံမှုများကို ရွှေ့ဆိုင်းပေးခြင်းဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကို ခံရသော စီးပွားရေးလုပ်ငန်းများသည် ပိုမိုမြန်ဆန်စွာ ပြန်လည်နာလန်ထူလာနိုင်မည်ဖြစ်သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| စီးပွားဖြစ် ငှားရမ်းသော ကြော်ငြာ ဆိုင်းဘုတ် များ | နည်းပါး | မြန်ဆန် | အောင်မြင် | အလယ် အလတ် | အလယ် အလတ် | အလယ် အလတ် | ကာလလတ်တွင် ကြော်ငြာဆိုင်းဘုတ်များ ငှားရမ်းခြင်းမှ ရငွေများကို မြန်ဆန်စွာ ပြန်လည်ရရှိနိုင်ပါသည်။ ကြော်ငြာဆိုင်းဘုတ်ငှားရမ်းခများမှ ရသော ရငွေများအနက်မှ ပမာဏအများစုသည် စီးပွားရေးလုပ်ငန်းကြီးများထံမှ ရရှိသည်ဖြစ်၍ ကပ်ရောဂါပြီးဆုံးသွားသည့်အချိန်တွင် ယင်းရငွေများမှ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ကာမိရန် ဖြစ်နိုင်ခြေရှိပါသည်။ သို့သော်လည်း အချို့သော အသေးစားစီးပွားရေး လုပ်ငန်းများသည် ဆိုင်းဘုတ်ငှားရမ်းခများကို ပေးဆောင်ရန် ရုန်းကန်နေရနိုင်သကဲ့သို့၊ လမ်းမများပေါ်တွင် လူအသွားအလာနည်းပါးသွားသည့်အတွက် အချို့ စီးပွားရေးလုပ်ငန်းများမှာလည်း ကြော်ငြာဆိုင်းဘုတ်ခများကို ပေးဆောင်ရန် ဝန်လေးနိုင်ပါသည်။ |
| စီးပွားရေး လုပ်ငန်း လိုင်စင် များ | ပယ်ဖျက်/ ရွှေ့ဆိုင်း | မြန်ဆန် | အလယ် အလတ် | ပယ်ဖျက်/ ရွှေ့ဆိုင်း | ငွေ ကြွေး | မရှိ | စီးပွားရေးလုပ်ငန်းလိုင်စင်များမှ ရငွေများကို ပြန်လည်ကာမိရန်မှာ ခက်ခဲပါသည်။ စီးပွားရေးလုပ်ငန်များ ပိတ်သိမ်းရခြင်း သို့မဟုတ် အစိုးရ၏ ညွှန်ကြားချက်များကြောင့် ပိတ်သိမ်းထားရသော ကာလများအတွက် လိုင်စင်ကြေး မပေးဆောင်လိုခြင်းများ ရှိလာနိုင်ပါသည်။ နိုင်ငံအချို့တွင် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ဆိုးရွားစွာ ထိခိုက်ခံရသော စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်များကို ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ အကောင်းဆုံးဖြစ်ရပ် အခြေအနေမှာ ကပ်ရောဂါ ကာလတွင် လျော့နည်းသွားသည့် ရငွေပမာဏ၏ ၄၀ ရာခိုင်နှုန်းကို ပြန်လည်ကာမိစေပြီး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာရေးပင် ဖြစ်ပါသည်။ |
| သား သတ် ရုံ လိုင်စင် ရငွေ | နည်းပါး | မြန်ဆန် | မရှိ | အလယ် အလတ် | မြန်ဆန် | မရှိ | လာမည့် လများအတွင်း သားသတ်ရုံလိုင်စင်လေလံတင်ခြင်းများကို ဆက်လက်ဆောင်ရွက် နိုင်ဖွယ်ရှိပါသည်။ |
| ပြည်တွင်း အခွန်များ ဦးစီးဌာနမှ ဝေမျှသော ရငွေ | ပယ်ဖျက်/ ရွှေ့ဆိုင်း | နှေးကွေး | မရှိ | ပယ်ဖျက်/ ရွှေ့ဆိုင်း | မရှိ | မရှိ | ပြည်တွင်းအခွန်များဦးစီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရန်ပုံငွေအပေါ် နောက်ပြန် တွက်ချက်၍ ဘဏ္ဍာငွေ ထောက်ပံ့ပေးမည် မဟုတ်ပါ။ |
| ဒဏ်ကြေး၊ ဒဏ်ငွေ များ | ပယ်ဖျက်/ ရွှေ့ဆိုင်း | မြန်ဆန် | မရှိ | ပယ်ဖျက်/ ရွှေ့ဆိုင်း | အလယ် အလတ် | မရှိ | ဒဏ်ကြေး/ဒဏ်ငွေများကို ရွှေ့ဆိုင်း/ပယ်ဖျက်လိုက်ပြီးသည့်နောက် ပြန်လည်ကောက်ခံရန် လက်တွေ့မကျပါ။ |
| အခြားသော ရငွေ များ အားလုံး | များပြား | မြန်ဆန် | အလယ် အလတ် | များပြား | အလယ် အလတ် | မရှိ | အခြားသော ရငွေများကို နောင်တစ်ချိန်တွင် ပြန်လည်ကာမိစေရန် လုပ်ဆောင်နိုင်ပါသည်။ ဥပမာ မြေများကို အနာဂတ်ကာလတစ်ခုခုတွင် ရောင်းချခြင်းမျိုး ဆောင်ရွက်နိုင်ပါသည်။ သို့သော်လည်း ယင်းကဏ္ဍမှ ရငွေများကို ရွှေ့ဆိုင်းလိုက်ပါက အနည်းငယ်ကိုသာ ပြန်လည်ရရှိနိုင်ခြေရှိပါသည်။ |

## Endnotes

၁ ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကြောင့် ၂၀၂၀ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်မှုနှုန်း ထက်ဝက်ခန့် ကျဆင်းသွားမည်ဟု သိရသည်။ (ကမ္ဘာ့ဘဏ်၊၂၀၂၀)။

၂ ၂၀၁၈-၂၀၁၉ တွင် တောင်ကြီးစည်ပင်သာယာရေးကော်မတီသည် စားသောက်ဆိုင်လိုင်စင် ၈၅၁ခု၊ ဈေးဆိုင်လိုင်စင် ၄၂၃ ခု၊ သဘာဝဘေးအန္တရာယ်ကို သက်ရောက်မှုရှိသော စီးပွားရေးလုပ်ငန်းလိုင်စင် ၇၉၅ ခုကို ခွင့်ပြုပေးခဲ့သည်။

၃ အာရှဖောင်ဒေးရှင်း (၂၀၂၀) တွင်ရှု။

၄ အာရှဖောင်ဒေးရှင်း (၂၀၂၀) တွင်ရှု။

၅ ဥပမာ - တယ်လီနောစ်၏ ၂၀၂၀ ခုနှစ် ဧပြီလတွင် ထုတ်ပြန်ချက်အရ ၎င်း၏ ကွန်ယက်အတွင်း အင်တာနက် အသုံးပြုမှုပေါင်း ၂၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

၆ ဥပမာ - စီးပွားရေးလုပ်ငန်းများအား ဝန်ဆောင်မှုပုံစံအသစ်များ လုပ်ဆောင်နိုင်ရန် ပြုလွယ်ပြင်လွယ်ပုံစံဖြင့် ခွင့်ပြုပေးမည်ဆိုပါက ၎င်းတို့အနေဖြင့် ခက်ခဲသောကာလတွင် အလိုက်သင့် ပြောင်းလဲ ရပ်တည်နိုင်မည် ဖြစ်ပါသည်။

၇ မြို့နယ်အများအပြားတွင် ကောက်ခံရမည့် ကာလရောက်ရှိပြီး လအနည်းငယ်ကြာသည့်တိုင် လက်တွေ့ကောက်ခံမှုများ မစတင်သေးပါ။

၈ ဥပမာ - ရန်ကုန်တွင် ဟိုတယ်များအပေါ် စည်းကြပ်သည့် ပစ္စည်းခွန်မှာ ဟိုတယ်တွင် တည်းခိုသည့် ဧည့်သည့်အရေအတွက် ပေါ်တွင်မူတည်၍ ကောက်ခံသည်ဖြစ်ရာ ကိုဗစ်-၁၉ကြောင့် ပစ္စည်းခွန်မှရငွေသည် သိသိသာသာလျော့နည်းသွားနိုင်ဖွယ်ရှိပါ သည်။

၉ လက်ရှိတွင် တောင်ကြီးရှိ အိမ်ထောင်စုများပေးဆောင်ရသည့် ပျမ်းမျှ ပမာဏမှာ ၂၀၀၀ ကျပ်ဖြစ်ပါသည်။

၁၀ အာရှဖောင်ဒေးရှင်း (၂၀၂၀) တွင်ရှု။

၁၁ ယခုကဲ့သို့ ကပ်ရောဂါကျရောက်နေသည့် ကာလတွင် အိမ်ထောင်စုများသည် အသားဝယ်ယူစားသုံးမှုကို နောက်ဆုံးအဆင့်တွင်မှ လျှော့ချမည်ဖြစ်ပါသည်။ ခရီးထွက်ခြင်း၊ ကျွေးမွေးဧည့်ခံခြင်းများအတွက် အသုံးစရိတ်များကို ပထမအဆင့် လျှော့ချ ကြမည်ဖြစ်ပါသည်။

၁၂ လိုင်စင်ကြေးများ ရွှေ့ဆိုင်းပေးခြင်းသည် စီးပွားရေးလုပ်ငန်းအများအပြားအတွက် သိသာမှုမရှိနိုင်သော်လည်း ငွေကြေး လိုအပ်လျက်ရှိပြီး၊ ပိတ်သိမ်းရန် တာဆူနေသည့် စီးပွားရေးလုပ်ငန်းများအတွက်မူ သိသာသော အထောက်အပံ့ဖြစ်ကာ စည်ပင်သာယာရေးအဖွဲ့များအပေါ်တွင်လည်း အမြင်များတိုးတက်လာနိုင်ပါသည်။

၁၃ OECD အစီရင်ခံစာ (၂၀၂၀) ပါ သုံးသပ်ချက်များကို အခြေခံထားခြင်း ဖြစ်ပါသည်။

၁၄ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ဒေသန္တရအဆင့်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် ကူညီပေးနိုင်မည့် နည်းလမ်းများ ရှိနိုင်ပါသည်။ ဥပမာ - အများပြည်သူထံသို့ ဆက်သွယ် အသိပေးသည့် လှုပ်ရှားမှုများ ဆောင်ရွက်သည့်အခါ ရငွေကောက်ခံရာတွင် အသုံးပြုသည့် စနစ်များကို အသုံးပြု၍ ဆက်သွယ်ရမည့် အချက်အလက် အသေးစိတ်များကို ထောက်ပံ့ပေးခြင်း သို့မဟုတ် အများပြည်သူအတွက် ငွေကြေးထောက်ပံ့မှုများ ပြုလုပ်သည့်အခါ အုပ်ချုပ်ရေးယန္တရားကို အသုံးပြုစေခြင်း စသည်ဖြင့်။

၁၅ OECD အစီရင်ခံစာ (၂၀၂၀) ပါ သုံးသပ်ချက်များကို အခြေခံထားခြင်း ဖြစ်ပါသည်။

၁၆ ဖော်ပြထားသည့် အဆိုကို ထည့်သွင်းအသုံးပြုသည့်အခါ အမေရိကန်နိုင်ငံရေးသမား Rahm Emanuel ကို ရည်ညွှန်းကိုးကားကြခြင်း ဖြစ်ပါသည်။

၁၇ ဤ အကြောင်းအရာ အသေးစိတ်ကို ရီနေးဆန့်အင်စတီကျူ့၏ ဘလော့တွင် လေ့လာနိုင်ပါသည်။

၁၈ မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒေသန္တရအဆင့်ရှိ အစိုးရများ၏ ရငွေကဏ္ဍကို ခန့်မှန်းမှုများ ပြုလုပ်ခြင်း နှင့် ဖြစ်နိုင်ခြေရှိသော အဖြေများကို ဆွေးနွေးခြင်းများ ပြုလုပ်သည့်အခါ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ အကျဉ်းချုပ်ကို (Shah 2007) တွင် ဖတ်ရှုနိုင်ပါသည်။

၁၉ စည်ပင်သာယာရေးအဖွဲ့များက ယခုနှစ်အတွက် ရငွေကောက်ခံရမည့် အချိန် ကုန်ဆုံးရန် နီးကပ်လာပြီဖြစ်သော်လည်း မြို့အများအပြားတွင် ဆက်လက်ကောက်ခံရမည့် ရငွေများစွာ ကျန်ရှိနေပါသေးသည်။

၂၀ ရငွေများကို တစ်စိတ်တစ်ပိုင်းကောက်ခံပြီးသွားသည့်အချိန်တွင် ကောက်ခံမှုရွှေ့ဆိုင်းခြင်းများနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်မည်ကို ပေးဆောင်ပြီးသူများနှင့် မပေးဆောင်ရသေးသူများအား ဆက်သွယ်ပြောကြားရန် အရေးကြီးပါသည်။

၂၁ ယခုဆန်းစစ်လေ့လာမှုပုံစံအား ပို၍လက်တွေ့ကျစေရန် ထပ်မံဖြည့်စွက်နိုင်သည့် ယူဆချက်များ၊ အချက်အလက်များ မြောက်များစွာ ရှိနေပါသေးသည်။ (ဥပမာ - ဂျီဒီပီ တိုးတက်နှုန်း နှင့်ပတ်သက်သည့် ယူဆချက်များ၊ သို့မဟုတ် ငွေကြေးဖောင်းပွမှုနှုန်းများ)

This paper was generously funded by the UK government

To request copies of the report, please contact
Renaissance@RIMyanmar.org or
myanmar.general@asiafoundation.org.
We also welcome your feedback on the report.